 Translation Rights © HRERP

# လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနတွင် ဖြစ်ရပ်လေ့လာမှုအတွက် အမှုတည်ဆောက်ခြင်း

Aikaterini Argyrou*, Making the Case for Cast Studies in Empirical Legal Research, *Utrecht Law Review*, Vol. 13, Issue 3 – Special Issue: Methodology of Legal Research, 2017, pp.95~113

## ၁. နိဒါန်း

ဥပဒေသုတေသနကို အထောက်အပံ့ပေးရန်အတွက် ဖြစ်ရပ်လေ့လာရာတွင် အရည်အသွေးအခြေပြုနည်းလမ်း အသုံးပြုခြင်းအပေါ် ဆွေးနွေးပြီးနောက် ရှင်းလင်းတင်ပြရန် ဆောင်းပါးက ရည်ရွယ်သည်။ ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုနည်းလမ်းကို ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်မည့် သုတေသနစီမံကိန်း အကြောင်းအရာဖြင့် ဆွေးနွေးထားသည်။ ၎င်းစီမံကိန်းသည် လူမှုအဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများ (social enterprises) ဆိုင်ရာ စီမံအုပ်ချုပ်မှုရှိ ဥပဒေရေးရာပုံစံများနှင့် ပါဝင်ပတ်သတ်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ အား လေ့လာထားခြင်း ဖြစ်သည်။ အထူးသဖြင့် လူမှုအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများနှင့် ရှိနှင့်ပြီးဖြစ်သော ဥပဒေစနစ်အမျိုးမျိုးတွင် ပါဝင်သည့် ပြည်တွင်း ဥပဒေပြဋ္ဌာန်းခြင်းနှင့် ဥပဒေရေးရာပုံစံများအား ပညာရပ်ဆိုင်ရာ နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သည့် သုတေသနစီမံကိန်းမှတဆင့် လေ့လာရှာဖွေသည်။ လူမှုအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းဆောင်တာများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်သည့် စီမံအုပ်ချုပ်မှု၏ ရည်ရွယ်ချက်ကို ဥပဒေ သုတေသနချည်း သပ်သပ်ဖြင့် အဖြေရရှိအောင် မဆောင်ရွက်နိုင်ဟူသည့် အခြေခံအယူအဆချက်ကြောင့် ဖြစ်သည်။

ဥပဒေသုတေသနကို အထောက်အပံ့ပေးရန်အတွက် ပြီးပြည့်စုံသည့် အခြေခံ ခြုံငုံဆင်ခြင်မှု သီအိုရီကို စာရေးသူက အရည်အသွေးအခြေပြုဖြစ်ရပ်လေ့လာမှုများဖြင့် ဖန်တီးရန် ကြိုးစားသည်။ လူမှုအဖွဲ့အစည်းအတွင်း စီမံအုပ်ချုပ်ရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ထပ်မံရှင်းလင်းပြသရန်အတွက် အဆိုပါသီအိုရီကို ဖန်တီးရခြင်း ဖြစ်သည်။ ပါဝင်ပတ်သတ်သူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများက လူမှုအဖွဲ့အစည်း ဆိုင်ရာ လုပ်ငန်းများရှိ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များအတွင်း ပူးပေါင်းပါဝင်နိုင်ရန်အတွက် ပြည်တွင်း ဥပဒေပြဋ္ဌာန်းမှုများက လက်တွေ့ကျကျ မည်သို့လွှမ်းမိုးမှုရှိသည်ကို သရုပ်ဖော်နိုင်ရန် လက်တွေ့နည်းစနစ်ကိုသာမက အရည်အသွေးအခြေပြုဖြစ်ရပ်လေ့လာမှုများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အသုံးပြု ခြင်းဖြစ်သည်။ ဥပဒေဆိုင်ရာ ယထာဘူတဝါဒ (legal positivism) က အထောက်အပံ့ပေးထားသည့် မူဘောင်အတွင်း ဤစုံစမ်းစစ်ဆေးသည့် ပုံစံအား မဖြေရှင်းနိုင်သော်လည်း အရည်အသွေးအခြေပြုသုတေသနတွင် ဖြစ်ရပ်လေ့လာမှု နည်းလမ်း အသုံးပြုခြင်း သည် အငြင်းပွားဖွယ်ရာဖြစ်သည့်အတွက် သိပ်အသုံးမပြုကြပေ။ ထို့ကြောင့် ဖြစ်ရပ်လေ့လာမှု နည်းလမ်းကို အသုံးမပြုခင် သေချာစဉ်းစားသင့်သည်။ အဆိုပါအကြောင်းရင်းကြောင့် ဤဆောင်းပါးတွင် သီအိုရီပိုင်းအား စာရေးသူက ဆွေးနွေးထားပြီး အရည်အသွေးအခြေပြုသုတေသနတွင် ဖြစ်ရပ်လေ့လာမှုအသုံးပြုခြင်းအား ထောက်ခံခြင်း၊ ဆန့်ကျင်ခြင်းတို့နှင့် ပတ်သက်သည့် ခုခံချေပဆွေးနွေးချက်မျိုးစုံကို တင်ပြထားသည်။

* Aikaterini Argyrou (A.Argyrou@uu.nl) သည် ပါရဂူဘွဲ့ကျောင်းသားတစ်ဦးဖြစ်ပြီး (နယ်သာလန်နိုင်ငံရှိ) Nyenrode စီးပွားရေးတက္ကသိုလ်တွင် ဧည့်ကျောင်းသားအဖြစ် လေ့လာနေပါသည်။

ဤဆောင်းပါးတွင် အဆိုပါခုခံချေပချက်မျိုးစုံကို ဖြေရှင်းထားပြီး စာရေးသူပါဝင်ဆောင်ရွက်လျက်ရှိသည့် လက်တွေ့မျက်မြင် အခြေပြု ဥပဒေသုတေသနစီမံကိန်းအကြောင်းတွင်လည်း ထင်ဟပ်ဖော်ပြသည်။

သို့ဖြစ်၍ လူမှုရေးသိပ္ပံပညာတွင် အဓိကအသုံးပြုကြသည့် ဥပဒေပညာရပ်နည်းလမ်းမဟုတ်သည့် ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြုနည်းလမ်းကို ဤဆောင်းပါးတွင် ရှင်းလင်းတင်ပြထားသည်။ ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် သုတေသနပုံစံတစ်ခုဖြစ်သည့် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသန၏ အကြောင်းအရာနှင့် အခြေခံတို့နှင့် သက်ဆိုင်သည့် သီအိုရီပိုင်းဆိုင်ရာ ဆွေးနွေးချက်ကို အပိုင်း (၁) တွင် တင်ပြထားသည်။ အရည်အသွေးအခြေပြုသုတေသနရှိ ဖြစ်ရပ်လေ့လာမှုနည်းလမ်းများ၏ တွေ့ရှိပြီး အခွင့်အလမ်းများ၊ အကန့်အသတ်များနှင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ အကျယ်တဝင့် ရေးသားချက်ကို အပိုင်း (၂) တွင် ဆွေးနွေးထားသည်။ ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုနည်းလမ်းများအသုံးပြုခြင်းနှင့် သက်ဆိုင်သည့် အရည်အသွေးအခြေပြုသုတေသနတွင် အငြင်းပွားဖွယ်ဖြစ်နေသည့် ကျိုးကြောင်းညီညွတ်ခိုင်လုံခြင်းနှင့် အသေးစိတ်စဉ်းစားသုံးသပ်ခြင်းဆိုင်ရာ ပြဿနာရပ်များစွာကို ဤအပိုင်း (၂) က ဥပမာများဖြင့် ပြသပါသည်။ စာရေးသူဆောင်ရွက်သည့် လက်တွေ့မျက်မြင်ဥပဒေသုတေသနစီမံကိန်းရှိ ဖြစ်ရပ်လေ့လာမှုအရည်အသွေး အခြေပြုနည်းလမ်းအသုံးပြုခြင်းကို အပိုင်း (၃) တွင် ဆွေးနွေးထားသည်။ ဖြစ်ရပ်လေ့လာမှုနည်းလမ်းအသုံးပြုရာတွင် ကြုံတွေ့ရသည့် အခွင့်အလမ်းများကို မြှင့်တင်ရန်သာမက အကန့်အသတ်များကို အနည်းဆုံးဖြစ်စေရန် အသုံးပြုသည့် နည်းစနစ်များအကြောင်းကိုလည်း အကြမ်းဖျဉ်း ရှင်းလင်းတင်ပြသည်။ နောက်ဆုံးအနေဖြင့် အပိုင်း (၄) တွင် သုံးသပ်ချက်များ ထည့်သွင်းဖော်ပြထားပါသည်။

## ၁.၁. ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် သုတေသနနှင့် ဥပဒေပညာရပ်တွင် ထည့်သွင်း အသုံးပြုခြင်း

ဝေါဟာရအရ ဖော်ပြသကဲ့သို့ ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် သုတေသနသည် နှစ်မျိုး သို့မဟုတ် ထို့ထက်ပိုသည့် သုတေသနပညာရပ်များပါဝင်သည့် သုတေသနအမျိုးအစားတစ်ခု ဖြစ်သည်။[၁] ဥပဒေပညာကဲ့သို့

[၁] S. Taekema & B. van Klink, 'On the border: Limits and Possibilities of Interdisciplinary Research', in B. van Klink & S. Taekema (eds.), *Law and Method, Interdisciplinary Research into Law* (2011), p. 7. ပညာရပ်ဆိုင်ရာနယ်ပယ်ရှိ သုတေသနကို ခွဲခြမ်းစိတ်ဖြာဖော်ပြရာတွင် အသုံးပြုသည့် အသုံးအနှုန်းများအဖြစ် 'ပညာရပ်နည်းလမ်းမြောက်များစွာပါဝင်ခြင်း (multidisciplinary)'၊ 'ပညာရပ်နည်းလမ်းနှစ်ထွေရောစပ်ခြင်း (cross-disciplinary)'၊ 'ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်ခြင်း (interdisciplinary)' ၊ 'ပညာရပ်နယ်များ ဖြတ်ကျော်ပါဝင်ခြင်း (transdisciplinary)' တို့သည် သုတေသနအား ထည့်သွင်းပေါင်းစပ်သည့် အဆင့်အလိုက် အစဉ်အလာအရ သတ်မှတ်ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မတူညီသည့် နယ်ပယ်များမှ ဗဟုသုတများ ပါဝင်သည်။ အဆိုပါဗဟုသုတများသည် စည်းကမ်းတကျပြုစုထားသည့် ဗဟုသုတများနှင့် ကွဲပြားသည်။ ၎င်းစည်းကမ်းတကျဗဟုသုတသည် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည့် ပညာရပ်နယ်ပယ်အတွင်း အခြေခံ၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ အထက်ဖော်ပြပါအသုံးအနှုန်းများသည် မည်သို့ကွဲပြားခြားနားကြောင်းကို အမျိုးမျိုးသော ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုများက သရုပ်ဖော်ပြသသည်။ သို့မဟုတ် သုတေသနနှင့် ဗဟုသုတတို့တွင် ထည့်သွင်းပေါင်းစပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့အား အမြောက်အများ သို့မဟုတ် အနည်းငယ်သာ ပြုလုပ်ကြောင်း အမြဲမပြတ်ညွှန်ပြနေခြင်း ဖြစ်သည်။ ထို့ကြောင့် 'ပညာရပ်နည်းလမ်းမြောက်များစွာပါဝင်ခြင်း (multidisciplinary)' သည် ပညာရပ်နယ်ပယ်တစ်ခုအတွင်း ပေါင်းစပ်သုတေသနကို ရည်ညွှန်းပြီး ပညာရပ်နယ်ပယ်နယ်နိမိတ်များကို မဖြတ်ကျော်ပေ။ 'ပညာရပ်နည်းလမ်းနှစ်ထွေရောစပ်ခြင်း (cross-disciplinary)' သည် ပညာရပ်နယ်ပယ် တစ်ခုအား အခြားပညာရပ်နယ်ပယ်တစ်ခု၏ အမြင်ရှုထောင့်ဖြင့် အသုံးပြုသည့် ပေါင်းစပ်သုတေသနအဖြစ် ရည်ညွှန်းသည်။ 'ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်ခြင်း (interdisciplinary)' သည် အကြောင်းအရာများ ပေါင်းစပ် ပါဝင်သည့် ဗဟုသုတအသစ်တစ်ခုကို ဖန်တီးရန်အတွက် ပညာရပ်နယ်ပယ်အမြောက်အများကို ထည့်သွင်းအသုံးပြုသည့် သုတေသနအဖြစ် ရည်ညွှန်းသည်။ 'ပညာရပ်နယ်များ ဖြတ်ကျော်ပါဝင်ခြင်း (transdisciplinary)' သည် ပညာရပ်မဟုတ်သည့် ဗဟုသုတများကိုလည်း ထည့်သွင်းထားသည့် သုတေသနကို ရည်ညွှန်းသည်။

စည်းမျဉ်းသတ်မှတ်သည့် ပညာရပ်သည် လူမှုရေးသိပ္ပံပညာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် အဖွဲ့အစည်းများနှင့် စွန့်ဦးတီထွင်မှုအားလေ့လာခြင်း၊ လူမှုဗေဒနှင့် စိတ်ပညာတို့ကဲ့သို့ လက်တွေ့မျက်မြင် အခြေပြုပညာနှင့် ပေါင်းစပ်ထားပါသည်။ Taekema နှင့် Van Klink တို့၏ အဆိုအရ ပညာရပ်များ၏ အယူအဆများ၊ အသုံးပြုသည့် နည်းလမ်းများ၊ စစ်ဆေးသည့် အကြောင်းအရာ၊ ပြဿနာအပေါ် သိမြင်နားလည်မှု (ပညာရပ်ဆိုင်ရာကွဲပြားမှု အပေါ်မူတည်၍ ပြဿနာအား နားလည်လက်ခံမှု ကွဲပြားသည်) နှင့် သုတေသနရည်ရွယ်ချက်များအပေါ် ကွဲပြား ခြားနားစွာ နားလည်သဘောပေါက်ကြသော်လည်း ၎င်းတို့ဆောင်ရွက်သည့် သုတေသနအတွက် အခြားပညာရပ်များ သည် အထောက်အပံ့ပေးကြောင်း ဥပဒေပညာရှင်များက အကြံဉာဏ်ကောင်းများ ထွက်ပေါ်လာကြသည်။[၂] ဥပဒေသုတေသနရှိ လူမှုရေးသိပ္ပံပညာရပ်မှ ထွက်ပေါ်လာသည့် အကြံဉာဏ်ဖြင့် ဥပဒေစနစ်သည် လက်တွေ့ဘဝတွင် မည်သို့အလုပ်လုပ်ကြောင်း ရှင်းပြပေလိမ့်မည်။ ထိုသို့ရှင်းပြရာတွင် အတွင်းစိတ်စေ့ဆော်မှုများနှင့် ဥပဒေဖြစ်ရပ်များ၏ အနက်အဓိပ္ပာယ်များကဲ့သို့ ခေါ်ဆိုကြသည့် 'ဥပဒေ၏ အမှန်တရား' သို့မဟုတ် 'ဥပဒေ၏ အနှစ်သာရ' ကို အမိအရဖမ်းဆုပ်နိုင်သည်။[၃] တနည်းဆိုသော် သုတေသနမေးခွန်းတွင် သတ်မှတ်ထားသည့် ပြဿနာကို တုံ့ပြန်ရာတွင် 'ရှင်းလင်းတိကျသည့် ဥပဒေ စည်းမျဉ်းများအပေါ် လုံးဝအခြေပြု ခန့်မှန်းခြင်း မရှိသောအခါ' သုတေသနနည်းလမ်းများအား အကူအနေဖြင့် အသုံးပြုပြီးနောက် လူမှုရေးသိပ္ပံပညာမှ ရရှိသည့် အကြံဉာဏ်များကိုလည်း အသုံးပြုနိုင်သည်။ ထို့အပြင် ၎င်းတုံ့ပြန်ချက်သည် ဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ် သို့မဟုတ် အနက်ဖွင့်ဆိုမှုတို့အတွက် အတိအကျသတ်မှတ် ရှာဖွေခြင်းနှင့် မသက်ဆိုင်သောအခါတွင်လည်း သုတေသနနည်းလမ်းများကို အကူအနေဖြင့်သာမက လူမှုရေးသိပ္ပံပညာမှ ရရှိသည့် အကြံဉာဏ်များကိုလည်း အသုံးပြုသည်။[၄] ထို့ကြောင့် တန်ပြန်လုပ်ဆောင်ချက်အနေဖြင့် ဥပဒေနှင့် အယူအဆ အခြေပြုသုတေသနနည်းလမ်းများအား သီးသန့်အသုံးပြုလိမ့်မည် မဟုတ်ပါ။

ထိုကြောင့် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနချဉ်းကပ်မှုကို အသုံးပြုရန် အခြေအနေအရ လိုအပ်စေသည်။ အချက်အလက်နှင့် ဖြစ်ရပ်မှန်များကို လေ့လာခြင်းဖြင့် ရလဒ်များထွက်ပေါ်လာစေရန် ဤချဉ်းကပ်မှုက အားပေးသည်။ ထို့အပြင် လူမှုရေးသိပ္ပံပညာမှ အစပြုသည့် နည်းစနစ်များကို အသုံးပြုမှုကိုလည်း အားပေးသည်။ အဆိုပါ နည်းစနစ်များသည် ဥပဒေပညာရှင်က တင်ပြသည့် ဥပဒေခုခံချေပဆွေးနွေးချက်များအတွက် အထောက်အပံ့ပေးပြီး ပညာရပ်နယ်ပယ်နှစ်ခုစလုံးအတွက် ကျိုးကြောင်းညီညွတ်ခိုင်လုံမှုကို ရရှိစေသည်။[၅] ဥပဒေကို ခြေခြေမြစ်မြစ် လေ့လာဆန်းစစ်ခြင်းအတွက် မဟုတ်သော်လည်း လက်တွေ့မျက်မြင်အခြေပြုနည်းလမ်းများ အသုံးပြုခြင်း ပါဝင်သည်။ ဥပဒေသာမက ဥပဒေကျင့်သုံးပုံနှင့် ပတ်သက်သည့် လက်ရှိဗဟုသုတများကို အသုံးပြု၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းဖြင့် တရားသူကြီးများနှင့် ဥပဒေကို လက်တွေ့ကျင့်သုံးသူများအား ဤအလုပ်ကို

---

'အခြေခံ' သို့မဟုတ် ပိုမို 'အဆင့်မြင့်သော' ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် သုတေသနအား ထည့်သွင်းပေါင်းစပ်ထားသည့် မတူညီသော အဆင့်များနှင့် သက်ဆိုင်သော အမျိုးအစားခွဲခြားခြင်းနှင့် အတန်းအစားခွဲခြားသတ်မှတ်ခြင်းများအတွက် 'ပညာရပ်ဆိုင်ရာနည်းလမ်း ပေါင်းစုံပါဝင်ခြင်း (interdisciplinary)' အား ယေဘုယျအသုံးအနှုန်းအဖြစ် အခြားပညာရှင်များက အသုံးပြုကြသည်။ M.M. Siems, 'The taxonomy of interdisciplinary legal research: finding the way out of the desert', (2009) 7 *Journal of Commonwealth Law and Legal Education*, no. 1, p. 6. See G. Tress et al., 'Clarifying Integrative Research Concepts in Landscape Ecology', (2005) 20 *Landscape Ecology*, no. 4, pp. 485-488.

[၂] See Taekema & Van Klink, supra note 1, pp. 8-9.

[၃] R. Banakar, 'Reflections on the Methodological Issues of the Sociology of Law', (2000) 27 *Journal of Law and Society*, no. 2, p. 274.

[၄] Ibid., pp. 282-283.

[၅] See Taekema & Van Klink, supra note 1, p. 11. R. Banakar, *Merging Law and Sociology: beyond the dichotomies in socio-legal research* (2003), pp. 47-49.

 Translation Rights © HRERP

ထင်ထင်ရှားရှား တာဝန်ပေးထားသည်။ နားလည်သဘောပေါက်စေသည့် ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များ မှတဆင့် မြောက်များလှသည့် ဥပဒေအကြောင်း အကျယ်တဝင့်ရေးသားချက်များ နှင့်/သို့မဟုတ် 'ဥပဒေဆိုင်ရာ အစစ်အမှန်အရှိတရား' ကိုဖော်ပြရန်အတွက် အယူအဆအခြေပြုသုတေသန၊ နည်းလမ်းနှင့် နည်းစနစ်များအား အသုံးပြုပေလိမ့်မည်။ မှန်ကန်သည့် အချက်အလက်များရရှိရန်အတွက် အခြားအသုံးအနှုန်းဖြင့် ဖွင့်ဆိုရသော် 'အဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်ချက်များ၏ အကန့်အသတ်များ'၊ 'လက်တွေ့ကျသည့် အတွင်းသဘောထားများ' နှင့် 'ဥပဒေနှင့် ဥပဒေရေးရာအဖွဲ့အစည်းများ၏ အခြေခံနားလည်သဘောပေါက်မှုများနှင့် အတွေ့အကြုံများ' ဖြစ်သည်။[၆] လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသန၏ အစိတ်အပိုင်းနှစ်ရပ်အား ထိထိရောက်ရောက် ပိုမို နားလည်သဘောပေါက်စေရန်ကြိုးစားရာတွင် ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် အကြောင်းအရာရှိ လက်တွေ့မျက်မြင်အခြေပြု ဥပဒေလေ့လာစူးစမ်းမှုသည် မည်သည့်သီအိုရီနှင့် အစားထိုးနိုင်ကြောင်းကို အောက်ပါအပိုင်းတွင် အသေးစိတ် ဆွေးနွေးထားပါသည်။

## ၁.၂. ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် အကြောင်းအရာရှိ လက်တွေ့မျက်မြင်အခြေပြု ဥပဒေဆိုင်ရာ လေ့လာဆန်းစစ်မှု

လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနတွင် လက်တွေ့အပိုင်းနှင့် ဥပဒေအပိုင်းဟူ၍ ပါဝင်ဖွဲ့စည်းထားသည်။ ဥပဒေလေ့လာစူးစမ်းမှုသည် အယူအဆအခြေပြုနည်းလမ်းကဲ့သို့ ဂန္ထဝင်သုတေသနနည်းလမ်းများအသုံးပြုခြင်းသာမက ပြည့်စုံလက်ခံပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ/ စီရင်ထုံးနှင့် အယူဝါဒအခြေပြုမဟုတ်သည့် သုတေသနများပေါင်းစပ်အသုံးပြုခြင်းလည်း လိုအပ်သည်။[၇] မူအရဆိုပါက ဥပဒေဆိုင်ရာ ခုခံချေပချက် သို့မဟုတ် အမှုဖြစ်စဉ်တစ်ခုတွင် သင့်လျော်သလို အသုံးပြုနိုင်ရန်အတွက် ခိုင်လုံယုံကြည်လောက်သည့် စာသားများအား နားလည်သဘောပေါက်မှုတိုးတက်စေသည့် လုပ်ငန်းကို အယူအဆအခြေပြုသုတေသနက ဥပဒေပညာရှင်နှင့် ဥပဒေကို လက်တွေ့အသုံးချသူများအား တာဝန်ပေးအပ်ထားသည်။[၈] ဥပဒေဆိုင်ရာအယူအဆအခြေပြုသုတေသန၏ လက္ခဏာမှာ ခုခံချေပငြင်းခုံချက်များပြားခြင်းဖြစ်ပြီး ၎င်း၏ရည်ရွယ်ချက်မှာ ဥပဒေအကြောင်းပြချက်အပေါ် အခြေခံ၍ ဥပဒေရေးရာ ခုခံချေပဆွေးနွေးငြင်းခုံမှုများ ပေါ်ပေါက်လာရေးပင် ဖြစ်သည်။[၉]

သို့သော် ဥပဒေသုတေသနသည် အယူအဆခြေပြုသုတေသနနှင့် နည်းလမ်းများသာမက အယူအဆအခြေပြုမဟုတ်သည့် ဥပဒေသုတေသနလည်း ဖွဲ့စည်းပါဝင်ကြောင်း ယေဘုယျအားဖြင့် သိမြင်လက်ခံနိုင်သည်။ အယူအဆအခြေပြုမဟုတ်သည့် ဥပဒေသုတေသနသည် အသုံးတည့်မှုပြဿနာ၊ မူဝါဒနှင့် ဥပဒေပြုပြင် ပြောင်းလဲရေး အခြေပြု ချည်းကပ်မှုနှင့် သက်ဆိုင်သည်။[၁၀] ဥပဒေအဓိကအစိတ်အပိုင်း၏ စံသတ်မှတ်ချက် အကြောင်းအရာအပေါ် အလေးအနက်စဉ်းစားခြင်းထက်စာလျှင် ဥပဒေကို လက်ရှိအကျိုးသက်ရောက်စေသည့် ပြဿနာများကို

---

[၆] R. Banakar, 'On the Paradox of Contextualisation', in R. Banakar (ed.), *Normativity in Legal Sociology: Methodological Reflections on Law and Regulation in Late Modernity* (2014), p. 91. See Banakar (2000), supra note 3, p. 284.

[၇] I. Dobinson & F. Johns, 'Qualitative Legal Research', in W. Chui & M. McConville (eds.), *Research Methods For Law* (2007), pp. 18-19.

[၈] S. Taekema, 'Relative Autonomy: A characterisation of the Discipline of Law', in B. van Klink & S. Taekema (eds.), *Law and Method, Interdisciplinary Research into Law* (2011), pp. 46-47.

[၉] Ibid., p. 47.

[၁၀] See Dobinson & Johns, supra note 7, p. 19.

ဖော်ထုတ်ရန်မှာ ဥပဒေပညာရှင်၏ အခန်းကဏ္ဍပင် ဖြစ်သည်။[၁၁] ဥပမာအနေဖြင့် မူဝါဒရှိ အခြေခံအားနည်းချက်များ (အကျိုးရှိထိရောက်မှုနှင့် အကောင်အထည်ဖော်မှုအနေဖြင့်) ကို ညွှန်ပြပြီးနောက် ဥပဒေကိုပြောင်းလဲရန် လိုအပ်ချက် (ဥပဒေပြုပြင်ပြောင်းလဲမှုများ) များကို အကြံပြုပါသည်။ ဥပဒေ၏ နောက်ခံအကြောင်းတရားဖြစ်သည့် လူမှုဆိုင်ရာ ဆက်နွှယ်ချက်များကို ထည့်သွင်းစဉ်းစားရန် အဆိုပါလေ့လာချက်တွင် အမြဲလိုအပ်သည်။ ထို့အတူ အချို့သော လူမှုအဆောက်အအုံများအပေါ် လက်ရှိဥပဒေ၏ အကျိုးသက်ရောက်မှုနှင့် ထိခိုက်မှုများကိုလည်း လက်တွေ့ကျကျ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့ကြောင့် သိမြင်မှုဒဿနဆိုင်ရာ အသုံးအနှုန်းအရ လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနကို အသုံးပြုရန်အတွက် နယ်ပယ်တစ်ခုကို ဖန်တီးထားပါသည်။[၁၂]

အထက်ပါစာပိုဒ်တွင် ရှင်းလင်းဖော်ပြပြီးဖြစ်သည့် ဥပဒေအပိုင်းစစ်စစ်၏ အခြေခံသဘောတရားနှင့် လက်တွေ့မျက်မြင်အခြေပြုအပိုင်းသည် ကွဲပြားခြားနားသည်။ လူမှုရေးသိပ္ပံပညာရှိ လက်တွေ့မျက်မြင်အခြေပြု သုတေသနသည် ကမ္ဘာပေါ်ရှိအချက်အလက်များကိုစုဆောင်းခြင်းနှင့် အစစ်အမှန်တည်ရှိမှုကို တိုင်းတာ၍ သေသေချာချာ စူးစမ်းလေ့လာခြင်းတို့နှင့် သက်ဆိုင်သည်။[၁၃] ဥပဒေ၏ စည်းမျဉ်းသတ်မှတ်ခြင်းဆိုင်ရာ ဘာသာရပ် (ဆိုလိုသည်မှာ 'စာရွက်ပေါ်က ဥပဒေ') မှ ဖြစ်ပေါ်လာသည့် အယူအဆအခြေပြု သုတေသနနှင့် လက်တွေ့မျက်မြင် အခြေပြုသုတေသနသည် ကွာခြားသည်။ အကြောင်းရင်းမှာ လက်တွေ့ဘဝတွင် အမှန်တကယ်တွေ့ကြုံရသည့် အချက်အလက်များဖြစ်သည့် သုတေသနပညာရှင်များ၏ စူးစမ်းလေ့လာမှု သို့မဟုတ် အတွေ့အကြုံများ နှင့်/ သို့မဟုတ် အခြားလူများ၏ စူးစမ်းလေ့လာမှု သို့မဟုတ် အတွေ့အကြုံများအပေါ်အခြေခံထားသည့် လက်ရှိလောက နှင့် သက်ဆိုင်သည့် လက်တွေ့ဘဝသက်သေအချက်အလက်များ (ဥပဒေကို လက်တွေ့ကျင့်သုံးမှု) ကို လက်တွေ့ မျက်မြင် အခြေပြုသုတေသနက အမိအရဖမ်းဆုပ် ရှာဖွေသောကြောင့် ဖြစ်သည်။ ဤအချက်အလက်များသည် အစစ်အမှန်ဘဝ၏ အစိတ်အပိုင်းအနေဖြင့် ဥပဒေပြဋ္ဌာန်းခြင်းသို့မဟုတ် စီရင်ထုံးများအပေါ် အခြေပြုလိမ့်မည်။[၁၄] ထို့ကြောင့် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနတွင် ချည်းကပ်မှုနှစ်ခုစလုံး (ဥပဒေနှင့် ဥပဒေမဟုတ်သည့် ချည်းကပ်မှု) သည် လိုက်ဖက်သင့်လျော်ကြောင်း ထင်မြင် ယူဆနိုင်သည်။ လက်တွေ့မျက်မြင်အခြေပြု ဥပဒေ သုတေသနသည် ဥပဒေ၏ *ပြင်ပ* အမြင်ရှုထောင့်ကို ဖော်ပြပြီး အယူအဆအခြေပြုသုတေသနသည် ဥပဒေ၏ *အတွင်း* အမြင်ရှုထောင့်ကို ဖော်ပြသည်။[၁၅]

လက်တွေ့မျက်မြင်အခြေပြု (အယူအဆအခြေပြုမဟုတ်သည့်) ဥပဒေသုတေသနသည် ဥပဒေသုတေသန တွင် အထောက်အကူပြု၍ အသုံးတည့်သည့် နည်းလမ်း ဖြစ်သည်။ ဥပဒေကျင့်သုံးခြင်းသာမက ဥပဒေ အကျိုးသက်ရောက်မှုများနှင့် ဆက်စပ်သည့် အချက်အလက်၊ အတွေ့အကြုံနှင့် စူးစမ်းလေ့လာမှုများမှ အရင်းခံ

[၁၁] Ibid., p. 20.

[၁၂] L. Epstein & G. King, 'The Rules of Inference', (2002) 69 *University of Chicago Law Review*, no. 1, pp. 2-3. L. Epstein & A.D. Martin, *An Introduction to Empirical Legal Research* (2014).

[၁၃] J.W. Creswell, *Qualitative Inquiry and Research Design: Choosing Among Five Approaches* (2013), pp. 145-146.

[၁၄] See Epstein & King, supra note 12, p. 3.

[၁၅] K. van Aeken, 'Law, Sociology and Anthropology: A Liaison Beginning Endlessly', in B. Van Klink & S. Taekema (eds.), *Law and Method, Interdisciplinary Research into Law* (2011), p. 81. See S.J. Shapiro, 'What is the Internal Point of View?', (2006) 75 *Fordham Law Review*, no. 3, p. 1159 ဥပဒေ၏ အတွင်းနှင့် အပြင်ရှုထောင့်ဆိုင်ရာ Hart ၏ သီအိုရီကို ရည်ညွှန်းထားသည်။ 'စည်းမျဉ်းများနှင့် ဆက်စပ်ရန် ဖြစ်နိုင်ချေရှိသည့်အတွက် ဥပဒေ၏ အတွင်းနှင့် အပြင်ရှုထောင့် တို့အား လက်မခံသည့် လေ့လာသူအဖြစ်လည်းကောင်း သို့မဟုတ် ၎င်းတို့အားလက်ခံပြီး အသုံးပြုသည့် အဖွဲ့တစ်ခု၏ အဖွဲ့ဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ရန် လမ်းညွှန်ချက်အဖြစ် ထမ်းဆောင်ပေးသည်။ ၎င်းတို့အား ကျွန်ုပ်တို့က 'ပြင်ပ' နှင့် 'အတွင်း အမြင်ရှုထောင့်' ဟု အသီးသီး ခေါ်ဆိုသည်။' H.L.A. Hart, *The Concept of Law* (1994) p. 89.

ဖြစ်ပေါ်လာသည့် ဥပဒေဆိုင်ရာ တွေ့ရှိချက်များကို ရှင်းလင်းဖော်ပြခြင်းနှင့် အနက်အဓိပ္ပာယ်ပြန်ဆိုခြင်းတို့သည် လက်တွေ့မျက်မြင် အခြေပြုသုတေသနအသုံးပြုရာတွင် လိုအပ်သည်။ ကနဦးအနေဖြင့် ၎င်းအချက်အလက်များကို ကျိုးကြောင်းညီညွတ် ခိုင်လုံတိကျသည့် အသေးစိတ်ကျိုးကြောင်းဖော်ပြချက်များ အသုံးပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။[၁၆] ပညာရပ်နည်းလမ်းပေါင်းစုံ ပါဝင်သည့် ချဉ်းကပ်မှုဖြင့် ထွက်ပေါ်လာသည့် အနက်အဓိပ္ပာယ်ပြန်ဆိုခြင်းဆိုင်ရာ ပြဿနာများကို ‘အချက်အလက်နှင့် တန်ဖိုး’ ခွဲခြားခြင်း သို့မဟုတ် ‘အချက်အလက်နှင့် တန်ဖိုးအကြားကွာဟချက်’ ဟုခေါ်ဆိုသည့် ပြဿနာတွင် ဖော်ပြထားသည်။ ၎င်း ‘အချက်အလက်နှင့် တန်ဖိုးအကြားကွာဟချက်’သည် ဥပဒေရေးရာ ဆွေးနွေးငြင်းခုံမှုနှင့် ဥပဒေပညာရပ်များတွင် ထည့်သွင်းစဉ်းစားထားသည့် စံသတ်မှတ်ချက်နည်းလမ်းရှိ လက်တွေ့သက်သေအချက်အလက်များကို အနက်အဓိပ္ပာယ်ပြန်ဆိုရာတွင် ဥပဒေသုတေသနပညာရှင်များ တွေ့ကြုံရသည့် ပြဿနာကို ထင်ဟပ်ပြသသည်။[၁၇] ဤပြဿနာကို ပညာရှင်များက ဖြေရှင်းလျက် ရှိကြသည်။ အဆိုပါပညာရှင်များသည် ဥပဒေသုတေသနပညာရှင်များအား ကူညီသည့် နည်းလမ်းများကို တိုးတက်လာစေရန် ကြိုးစားလျက် ရှိသည်။ ၎င်းနည်းလမ်းမှာ ‘အကျိုးအကြောင်းညီညွတ်ခိုင်လုံသည့် (နှင့် သင့်လျော်သည့်) လက်တွေ့မျက်မြင် သက်သေများမှ စည်းမျဉ်းအဖြစ်သတ်မှတ်မည့် ပြောဆိုရေးသားပုံများကို ချက်ချင်း အောင်မြင်စွာ ဖော်ထုတ်ခြင်း’ အတွက် သုတေသနပညာရှင်များကို ကူညီခြင်း ဖြစ်သည်။[၁၈] ဤနည်းလမ်းများတွင် လက်တွေ့မျက်မြင် အခြေပြုသုတေသနကို ကျိုးကြောင်းညီညွတ်ခိုင်လုံကြောင်း အထောက်အထားပြရန်အတွက် ‘ပြည်သူများ၏ ဥပဒေအခွင့်အရေးကို လေးစားလိုက်နာရာတွင် လိုအပ်သည့် စံနှုန်းသတ်မှတ်ချက်များ (due process criteria)’ သာမက ‘ပြီးပြည့်စုံမှု (completeness)’ ၊ ‘သင့်လျော်မှု (relevance)’ နှင့် ‘ကိုက်ညီမှု (consonance)’ စသည့် အငြင်းပွားဖွယ်ရာခုခံချေပဆွေးနွေးချက်များအား ချိန်ညှိရန်အတွက် အချက်အများအပြား အသုံးပြုခြင်းလည်း ပါဝင်သည်။ မူဝါဒဆိုင်ရာ ရည်မှန်းချက်များကို ရရှိစေမည့် နည်းလမ်းတစ်ခု (ဖြစ်နိုင်ချေရှိသည့် မတူညီသော နည်းလမ်းများအနက် တစ်ခု) အဖြစ် ဥပဒေ၏ အကျိုးရှိထိရောက်မှုကို ပြသနိုင်သည့် နည်းလမ်းကဲ့သို့ လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနကို အသုံးပြုသည့် နည်းလမ်းများလည်း ပါဝင်သည်။[၁၉] ဆန့်ကျင်ဘက်အားဖြင့် လက်တွေ့ဘဝတွင် ‘အစစ်အမှန်ပြည်သူ’ များ၏ ‘လိုအပ်ချက်အမှန်’ များနှင့် သက်ဆိုင်သည့် စည်းမျဉ်းသတ်မှတ်နိုင်မည့် ဆုံးဖြတ်ချက်များ ပါဝင်သည့်အတွက် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနတွင် စည်းမျဉ်းသတ်မှတ်ထားသည့် အနက်အဓိပ္ပာယ် ရှိနှင့်ပြီးသားဖြစ်ကြောင်း အခြားပညာရှင်များက အခိုင်အမာဆိုပါသည်။[၂၀] ထို့ကြောင့် လက်တွေ့မျက်မြင်အခြေပြုသုတေသနအကြောင်း ရှင်းပြခြင်းဖြင့် နောင်လာမည့်အခန်းရှိ

[၁၆] See Taekema & Van Klink, supra note 1, pp. 11, 25-26. ဤအကြောင်းအရာနှင့် ပတ်သက်၍ Chynoweth က ဖော်ပြသည်မှာ ‘အယူအဆအခြေပြုသုတေသန၏ ကျိုးကြောင်းညီညွတ်ခိုင်မာမှုသည် ပြင်ပအမှန်ဖြစ်တည်မှုအပေါ် စိတ်ပါဝင်စားမှုထက် ပညာရေးအသိုက်အဝန်းအတွင်းရှိ အများသဘောဆန္ဒအပေါ် မလွဲမရှောင်သာဘဲ မူတည် ရမည်ဖြစ်ကြောင်း ဥပဒေ၏ စံနမူနာပြုလက္ခဏာရပ်က အဓိပ္ပာယ်သက်ရောက်သည်။’ in P. Chynoweth, ‘Legal Research’, in A. Knight & L. Ruddock (eds.), *Advanced Research Methods in the Built Environment* (2008), p. 30.

[၁၇] See Taekema & Van Klink, supra note 1, p. 17. F.L. Leeuw, ‘Empirical Legal Research: The Gap between Facts and Values and Legal Academic Training’, (2015) 11 *Utrecht Law Review*, no. 2, <http://doi.org/10.18352/ulr.315>, p. 22. I. Giesen, ‘The Use and Incorporation of Extralegal Insights in Legal Reasoning’, (2015) 11 *Utrecht Law Review*, no. 1, <http://doi.org/10.18352/ulr.308>, pp. 1-18.

[၁၈] See Leeuw, supra note 17, p. 22. W.J. Ball, ‘A Pragmatic Framework for the Evaluation of Policy Arguments’, (1995) 14 *Review of Policy Research*, no. 12, pp. 17-20.

[၁၉] See Leeuw, supra note 17, p. 29.

[၂၀] J.M. Smits, ‘Law and interdisciplinarity: on the inevitable normativity of legal studies, Critical Analysis of Law’, (2014) 1 *An International & Interdisciplinary Law Review*, no. 1, p. 84.

ရှင်းလင်းချက်သည် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနနယ်ပယ်ရှိ သီအိုရီပိုင်းဆိုင်ရာ ဆွေးနွေးငြင်းခုံချက်များအား ဖြေရှင်းလိမ့်မည် ဖြစ်သည်။

## ၂. အရေအတွက်အခြေပြု သို့မဟုတ် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသန - ဆွေးနွေးငြင်းခုံခြင်း

Epstein နှင့် King ၏ အဆိုအရ လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနသည် ကိန်းဂဏန်းအချက် အလက်များ မဟုတ်သည့် အရည်အသွေးအခြေပြု သို့မဟုတ် ကိန်းဂဏန်းအချက်အလက်များနှင့် သက်ဆိုင်သည့် အရေအတွက် အခြေပြု သုတေသနဖြစ်နိုင်သည်။[၂၁] သို့ရာတွင် လူမှုရေးသိပ္ပံပညာရပ်တွင် လူမှုရေးသိပ္ပံပညာရှင်များအကြား ဆွေးနွေး ငြင်းခုံမှုသည် အချိန်ကြာမြင့်စွာ တည်ရှိခဲ့ပြီးဖြစ်သည်။ အဆိုပါလူမှုရေးသိပ္ပံပညာရှင်များသည် ဒဿနိကနှင့် သိမြင်မှုဒဿနဆိုင်ရာ ခုခံချေပဆွေးနွေးချက်များအပေါ် အခြေခံထားသည့် လက်တွေ့မျက်မြင် အရည်အသွေး အခြေပြု သုတေသနနှင့် လက်တွေ့မျက်မြင်အရေအတွက်အခြေပြု သုတေသန နည်းလမ်းများ၏ ကောင်းကျိုးများကို ဆွေးနွေးကြသည်။ အရည်အသွေးနှင့် အရေအတွက်အခြေပြုသုတေသနနည်းလမ်းများအကြား ဆွေးနွေးငြင်းခုံမှုသည် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနပညာရှင်များအကြား အတော်အတန်ကြီးမားသည့် တွန်းအားကို ရရှိစေပါသည်။ Heise က လက်မခံသည့် နည်းလမ်းများဖြစ်သည့် လက်တွေ့မျက်မြင် အခြေပြုဥပဒေသုတေသန ဆိုင်ရာ ကျိုးကြောင်းညီညွတ်ခိုင်လုံသည့် နည်းလမ်းများအဖြစ် အရည်အသွေးအခြေပြု လက်တွေ့မျက်မြင် သက်သေ (ကိန်းဂဏန်းအချက်အလက်မဟုတ်သည့် သက်သေ) နှင့် အချက်အလက်ကောက်ယူသည့် နည်းလမ်းကို Epstein နှင့် King နှင့်/ သို့မဟုတ် Dobinson နှင့် Johns တို့ကဲ့သို့ ပညာရှင်များက လက်ခံသည်။[၂၂] တရားစီရင်ရေးဆိုင်ရာ စီရင်ချက်များရှိ ပုံစံများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် အရေအတွက်အခြေပြု အချက်အလက်နှင့် စာရင်းအင်း ဆိုင်ရာ လေ့လာဆန်းစစ်သည့် နည်းလမ်းများကို အသုံးပြုထားသော သုတေသနများဖြင့်သာ လက်တွေ့မျက်မြင် အခြေပြု ဥပဒေသုတေသနကို ၁၉၉၈ ခုနှစ်အထိ ပါဝင်ဖွဲ့စည်းထားကြောင်း Heise က ရှင်းပြသည်။ ၎င်းသုတေသန နည်းလမ်းများတွင် 'တရားရေးအမြင်သဘောထားကို ကုဒ်သတ်မှတ်ခြင်း သို့မဟုတ် ဖြစ်ရပ်ရှိ အကြောင်းအရာကို လေ့လာစိတ်ဖြာခြင်း၊ သရုပ်ဖော်ခြင်းနှင့် ကောက်ချက်ချခြင်း' တို့ ပါဝင်ပြီး အခြားအရည်အသွေးအခြေပြု နည်းစနစ်များအသုံးပြုသည့် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနကို ထည့်သွင်းထားခြင်း မရှိပေ။[၂၃] ထို့နောက် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနတွင် အခြားလက်တွေ့မျက်မြင်အခြေပြုနည်းလမ်းများကို အသုံးချပြီး ဖွံ့ဖြိုးအောင်လုပ်ရန် ဥပဒေပညာရှင်များအား တိုက်တွန်းကြသည်။[၂၄] ဥပမာအားဖြင့် အရည်အသွေး အခြေပြုသုတေသန နည်းလမ်းများကို အသုံးပြုခြင်း၏ အစိတ်အပိုင်းများသည် အရည်အသွေးအခြေပြု လက်တွေ့ မျက်မြင် ဥပဒေသုတေသနကို ထောက်ခံထားသည်။ အရည်အသွေးအခြေပြုလက်တွေ့မျက်မြင် ဥပဒေသုတေသန

---

[၂၁] See Epstein & King, supra note 12, p. 2.

[၂၂] M. Heise, 'The importance of being empirical', (1998-1999) 26 *Pepperdine Law Review*, no. 1, p. 810. See Dobinson & Johns, supra note 7. See also Epstein & King, supra note 12.

[၂၃] See Epstein & King, supra note 12, p. 2. See Heise, supra note 22, p. 810. See Dobinson & Johns, supra note 7, p. 17.

[၂၄] R.J. Landry, 'Empirical Scientific Research and Legal Studies Research – A Missing Link', (2016) 33 *Journal of Legal Studies Education*, no. 1, p. 170. D.R. Cahoy, 'Editor's Corner: Considerations in the Rise of Empirical Legal Scholarship', (2010) 47 *American Business Law Journal*, no. 3, p. vi. L. Webley, 'Qualitative Approaches to Empirical Legal Research', in P. Cane & H. Kritzer (eds.), *The Oxford Handbook of Empirical Legal Research* (2010). L. Webley, 'Stumbling Blocks in Empirical Legal Research: Case Study Research', (2016) *Law and Method*, no. 3, pp. 1-21.

သာလျှင် ‘ဆုံးဖြတ်ချက် ချမှတ်ရာတွင် အရေးပါသည့် အချက်အလက်များ၊ အတွေ့အကြုံများတွင် အရင်းခံသည့် အတွေ့အကြုံနှင့် ပြုမူဆောင်ရွက်ချက်၊ မူဝါဒချမှတ်ခြင်းကြောင့် အကျိုးသက်ရောက်နိုင်ချေရှိသည့် ကမ္ဘာလုံးဆိုင်ရာ အမြင်များ’ ကို မူဝါဒချမှတ်သူများအတွက် ဆောင်ကြဉ်းပေးသည်။[၂၅]

အရည်အသွေးအခြေပြု လက်တွေ့မျက်မြင်ဥပဒေသုတေသနသည် လူ့မှုအဖွဲ့အစည်းအတွင်း ရှိနှင့်ပြီး ဖြစ်သည့် အချက်အလက်များကို စစ်ဆေးပါသည်။ ဥပမာအားဖြင့် ဥပဒေနှင့် တရားမျှတမှုအပေါ် ပြည်သူများ၏ အမြင်ယူဆချက်နှင့် နားလည်သဘောပေါက်မှု ဖြစ်ပြီး အရေအတွက်အခြေပြုသုတေသနသည် (ဥပဒေဆိုင်ရာ) အချက်အလက်များသည် တိုင်းတာနိုင်ပြီး အမှီအခိုကင်းကာ စူးစမ်းလေ့လာရန် ပိုမိုလွယ်ကူကြောင်း တွေ့ရှိရသည်။[၂၆] အခြေခံသဘောတရားအရဆိုသော် အရည်အသွေးအခြေပြုသုတေသနသည် လူမှုရေးရာ ကိုယ်တိုင် လေ့လာသင်ယူမှု ဝါဒ (Constructivism) နှင့် အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒ (interpretivism) တို့ပါရှိသည့် ရှင်းလင်းသည့် စံနမူနာတွင် အဓိကတွေ့ရှိရသည့် သိမြင်မှုဒဿနဆိုင်ရာ သုတေသနဖြစ်သည်။ လက်တွေ့မျက်မြင်ဝါဒ (positivism) ရှိ အစဉ်အလာသုတေသနနှင့် သိမြင်မှုဒဿနအရ သက်ဆိုင်သော အရေအတွက်အခြေပြု သုတေသနနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။[၂၇]

အထူးသဖြင့် အရည်အသွေးအခြေပြုသုတေသနသည် ‘သဘာဝနိယာမအခြေခံ ဒဿနိက (naturalistic)’ ဖြစ်ပါသည်။ အတွေ့အကြုံများနှင့် စူးစမ်းလေ့လာမှုများကို အမိအရ ဖမ်းဆုပ်ရန်အတွက်သာမက အဆိုပါအချက်များကို နောက်ပိုင်းတွင် နားလည်သဘောပေါက်ရန်နှင့် ၎င်းတို့အတွက် ဓမ္မဓိဋ္ဌာန်မကျသည့် အဓိပ္ပာယ်ကို တန်ဖိုးသတ်မှတ် တွက်ချက်ရန်အတွက် သဘာဝအကြောင်းအရာများအတွင်း လေ့လာလျက်ရှိသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်သည့် သုတေသနလည်း ဖြစ်သည်။[၂၈] အခြားစကားဖြင့်ဆိုရသော် လူသားတို့၏ ပြုမူဆောင်ရွက်ချက်များရှိ လူမှုရေးရာဖြစ်စဉ်၏ ရှုပ်ထွေးခက်ခဲမှုကို သိမြင်ရန်ကြိုးပမ်းအားထုတ်ပြီး ၎င်းတို့၏ အနက်အဓိပ္ပာယ်ကို သတ်မှတ်ရန် အတွက်လည်း အားထုတ်သည်။[၂၉] ‘သဘာဝနိယာမအခြေခံ ဒဿနိက’ ဖြစ်ရခြင်းမှာ သုတေသန နည်းလမ်းသည် သဘာဝအခြေအနေဝန်းကျင်ရှိ လူမှုရေးရာဖြစ်စဉ်ကို လေ့လာစိစစ်ခြင်းဖြစ်သည်။ ‘ပြည်သူလူထု ပူးပေါင်းပါဝင်မှု’ ဖြစ်ရခြင်းအကြောင်းမှာ သုတေသနအကြောင်းအရာသည် သုတေသနလုပ်ငန်းစဉ်တွင် အရေးပါသည့် အခန်းကဏ္ဍအဖြစ် ဆောင်ရွက်သည်။[၃၀] အချက်အလက် စုဆောင်းသည့် အဓိကနည်းလမ်းနှင့် နည်းစနစ် (၃) ရပ်တို့ဖြင့် ဤသုတေသနကို အောင်မြင်အောင် ဆောင်ရွက်ပါသည် – အသေးစိတ်မေးမြန်းခြင်းများ (in-depth interviews)၊ တိုက်ရိုက် လေ့လာစူးစမ်းခြင်း (direct observations) နှင့် သင့်လျော်သည့် စာအုပ်စာတမ်းများမှ ထုတ်နှုတ်ယူထားသည့် အချက်အလက်များကို စိတ်ဖြာလေ့လာခြင်းတို့ ဖြစ်သည်။[၃၁] ထိုကဲ့သို့ အစဉ်အလာဥပဒေ သုတေသန၊ ပြည့်စုံလက်ခံပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်းဥပဒေ စီရင်ထုံးလေ့လာမှု သုတေသနများနှင့် ပေါင်းစပ်ထားသည့် လက်တွေ့မျက်မြင် အခြေပြုသုတေသနအား ‘လူမှုဥပဒေဆိုင်ရာ သုတေသန’ အဖြစ် ရည်ညွှန်းကြသည်။[၃၂]

---

[၂၅] Smith et al., ‘Bridging the Empirical Gap: New Insights into the Experience of Multiple Legal Problems and Advice Seeking’, (2013) 10 *Journal of Empirical Legal Studies*, no.1, p. 149.

[၂၆] See Webley (2010), supra note 24, p. 927.

[၂၇] J.W. Creswell, *Research Design, Qualitative, Quantitative and Mixed Methods Approaches* (2003), pp. 8-9, 14.

[၂၈] See Webley (2010), supra note 24, p. 927.

[၂၉] See Creswell, supra note 27, p. 8.

[၃၀] See Webley (2016), supra note 24, p. 929.

[၃၁] Ibid., pp. 928-929.

[၃၂] See Dobinson & Johns, supra note 7, p. 20.

 Translation Rights © HRERP

အရည်အသွေးအခြေပြုသုတေသနတွင် သုတေသနပညာရှင်၏ ရည်ရွယ်ချက်မှာ သုတေသနအကြောင်းအရာသည် လေ့လာစစ်ဆေးသည့် လူမှုရေးရာဖြစ်စဉ်အားအလေးထားကြောင်း အဓိပ္ပာယ်ကို သဘောပေါက်နားလည်ရန်ဖြစ်သည်။ ပညာရပ်စာပေမှ ဆင်ခြင်တွက်ဆ ထုတ်နှုတ်ထားသည့် သီအိုရီများကို ဖော်ထုတ်ရန် သို့မဟုတ် ကျိုးကြောင်းညီညွတ်ခိုင်လုံကြောင်း သက်သေအထောက်အထားပြသရန်ထက်ပိုပါသည်။ လက်တွေ့မျက်မြင်ဝါဒဆိုင်ရာ (positivistic) သို့မဟုတ် လက်တွေ့မျက်မြင်အလွန်ဝါဒဆိုင်ရာ (post-positivistic) စံနမူနာကနောက်ဆက်တွဲဖြစ်ပေါ်လာပါကလည်း ၎င်းပညာရပ်စာပေမှ ထုတ်နှုတ်လေ့လာသည့်နည်းလမ်းကို အသုံးပြုပါသည်။[22] အရည်အသွေးအခြေပြုနည်းလမ်းများသည် အချက်အလက်နှင့် အစစ်အမှန်ဖြစ်မှုတို့အပေါ် အခြေခံ၍ခြုံငုံဆင်ခြင်သည့်နည်းဖြင့်ရရှိသည့် တွေးခေါ်မြော်မြင်မှု (inductive reasoning) အပေါ် များစွာ မူတည်ထားသည်။ ထို့နောက် အချက်အလက်နှင့် အစစ်အမှန်ဖြစ်မှုတို့အား ယေဘုယျအကြောင်းအရာများနှင့် ပုံစံများအဖြစ် ခွဲခြားသတ်မှတ်လိုက်သည်။[23] ဤနည်းလမ်းများကို စူးစမ်းရှာဖွေရန်၊ ရှင်းလင်းတင်ပြရန်နှင့် ခွဲခြမ်းစိတ်ဖြာရန် ရည်ရွယ်ချက်များအတွက် အသုံးပြုပြီး ခွဲခြမ်းစိတ်ဖြာသည့် ကောက်ချက်များ သို့မဟုတ် ကျိုးကြောင်းဆက်နွယ်မှုကောက်ချက်များ ထွက်ပေါ်လာစေရန် ဦးတည်စေသည်။[24] Creswell က ဂရုပြုမိသကဲ့သို့ လူမှုရေးသိပ္ပံပညာရှိလက်တွေ့မျက်မြင်အခြေပြုသုတေသန၏ လက်တွေ့မျက်မြင်ဝါဒဆိုင်ရာ (positivistic) သို့မဟုတ် လက်တွေ့မျက်မြင်အလွန်ဝါဒဆိုင်ရာ (post-positivistic) အမြင်ရှုထောင့်များနှင့် ဤရှုထောင့်သည် အနှစ်သာရအားဖြင့် ကွဲပြားခြားနားသည်။ နားလည်သဘောပေါက်လာစေရန်အတွက် လက်တွေ့မျက်မြင် လေ့လာစူးစမ်းမှုနှင့် တိုင်းတာမှုတို့မှတဆင့် ဥပဒေနှင့် သီအိုရီများကို စိစစ်အတည်ပြုခြင်းနှင့် ပိုမိုကောင်းမွန်အောင် မွမ်းမံခြင်းတို့ကို ရရှိရေးအတွက် လူမှုရေးသိပ္ပံပညာရှိ လက်တွေ့မျက်မြင်အခြေပြုသုတေသနက ရှာဖွေသည်။[25]

ဥပဒေလေ့လာမှုများကို အလေးပေးထားသည့် လက်တွေ့မျက်မြင်ဝါဒဆိုင်ရာ စံနမူနာသည် ဓမ္မဓိဋ္ဌာန်ကျခြင်း (objectivity) နှင့် ကြားနေခြင်း (neutrality) တို့အပေါ် ဦးတည်လေ့လာပြီး အချက်အလက်အခြေပြုသိပ္ပံပညာ (positive sciences) နှင့် ဥပဒေပြဋ္ဌာန်းချက် (positive law) တို့၏ နည်းလမ်းများအပေါ်တွင်လည်း အလေးထားလေ့လာသည်။ အရည်အသွေးအခြေပြုသုတေသနသည် အဓိကအားဖြင့် လူမှုရေးရာလေ့လာစူစမ်းမှုပုံစံတစ်မျိုးဖြစ်သည်။ သို့သော် လူမှုရေးသိပ္ပံပညာ၏ ရှေးရိုးစဉ်လာ လက်တွေ့မျက်မြင်အခြေပြု အမြင်ရှုထောင့်အား ဖြစ်ပေါ်တိုးတက်စေသည့် ( Comte ၊ Durkheim နှင့် Grix တို့ကဲ့သို့) လူမှုရေးသိပ္ပံ ပညာရှင်များ ရှိကြသည်။[26] မတူညီသည့်နမူနာပုံစံများနှင့် သုတေသနနည်းလမ်းများကို ပေါင်းစပ်သည့် သုတေသနပညာရှင်များလည်း ရှိကြသည်။[27] ပထမဦးစွာ လူမှုရေးသိပ္ပံပညာနှင့် ဆက်စပ်လျက်ရှိသကဲ့သို့ ဥပဒေသုတေသနနှင့် လက်တွေ့မျက်မြင် (အရည်အသွေး) အခြေပြုသုတေသနများကို ပေါင်းစပ်ခြင်းအား အတော်ထူးဆန်းသည့် တစ်ခုအနေဖြင့် ထင်မြင်လိမ့်မည်။ သိမြင်မှုဒဿနဆိုင်ရာ စိုးရိမ်မှုသာမက နည်းလမ်းဆိုင်ရာ စိုးရိမ်မှုကိုပါ ဖြစ်ပေါ်စေပြီး ပညာရပ်နယ်ပယ်နှစ်မျိုးစလုံးအတွက်ကျိုးကြောင်းညီညွတ်ခိုင်မာ ပြည့်စုံခြင်းကို ကြိမ်ဖန်များစွာ ဆန်းစစ်ရန် လိုအပ်ပေလိမ့်မည်။ သို့ရာတွင် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနသည် ဥပဒေပညာလေ့လာမှုနှင့် နောက်ပိုင်းတွင် ဥပဒေပညာဖွံ့ဖြိုးမှု

[22] See Creswell, supra note 27, p. 9.

[23] See Webley (2010), supra note 24, p. 929.

[24] Ibid., p. 928. See Epstein & King, supra note 12, p. 20.

[25] See Creswell, supra note 27, pp. 6-7.

[26] See Van Aeken, supra note 15, pp. 64-65.

[27] See Creswell, supra note 27, pp. 15-17. Examples are provided by Webley (2010), supra note 24, on p. 930 citing G. King et al., *Designing Social Inquiry Scientific Inference in Qualitative Research* (1994), p. 3.

များအတွက် အဓိကကျသည်ကြောင်း ပညာရှင်များက သဘောတူကြသည်။ ထို့အပြင် အယူအဆအခြေပြုဥပဒေနည်းလမ်းထက် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနသည် ဥပဒေပညာရှင်များနှင့် ဥပဒေလက်တွေ့ကျင့်သုံးသူများအား နည်းပညာများကို အသုံးပြုရာတွင် တိုးတက်စေရန် လေ့ကျင့်ပေးပါသည်။[၃၉]

## ၂.၁. ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနတွင် ဖြစ်ရပ်လေ့လာမှုဆိုင်ရာ အရည်အသွေးအခြေပြုနည်းလမ်း (case study qualitative method) အသုံးပြုခြင်း

ဖြစ်ရပ်လေ့လာမှုကို အရည်အသွေးအခြေပြုသုတေသနအတွက် 'နည်းဗျူဟာ' တစ်ခုအဖြစ် Creswell က သတ်မှတ်ပြီး[၄၀] လက်တွေ့မျက်မြင်အရည်အသွေးအခြေပြု သုတေသနနယ်ပယ်တွင် အခိုင်အမာ သိသာထင်ရှားစွာ သိရှိကြပါသည်။[၄၁] ဖြစ်ရပ်လေ့လာမှု တိုးတက်ဖွံ့ဖြိုးမှုသည် အရည်အသွေးအခြေပြု အနက်အဓိပ္ပာယ်ဖော်ဆောင်မှုသုတေသနအပါအဝင် သက်သေအချက်အလက်များစုဆောင်းသည့် နည်းလမ်းများနှင့် အဓိကအားဖြင့် ဆက်စပ်နေသည်။ သို့ရာတွင် ဖြစ်ရပ်လေ့လာမှုဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် အလွှမ်းမိုးဆုံး ယနေ့ခေတ်ပညာရှင်ဖြစ်သည့် Yin က ဖြစ်ရပ်လေ့လာမှုသုတေသနအတွက် ပို၍ ဓမ္မဓိဋ္ဌာန်ကျသည့် လက်တွေ့မျက်မြင် ဝါဒဆိုင်ရာ ချဉ်းကပ်မှုကို ဖော်ထုတ်ပေးသည်။ Yin က ဖြစ်ရပ်အခြေပြု လေ့လာမှု 'နည်းဗျူဟာ' နှင့်/သို့မဟုတ် နည်းလမ်းကို ချင့်ချိန်စဉ်းစားသည်။ ၎င်းနည်းဗျူဟာသည် 'အချက်အလက်စုဆောင်းသည့် နည်းလမ်းကို သီးသန့်အသုံးပြုခြင်း' မဟုတ်ဘဲ ၎င်းထက် ကျော်လွန် ဆောင်ရွက်သည်။[၄၂]

ဖြစ်ရပ်လေ့လာမှု 'နည်းဗျူဟာ' ၏ သီးခြားလက္ခဏာအား ဖြစ်ရပ်လေ့လာမှုသုတေသနနှင့် သက်ဆိုင်သည့် (၁၉၈၄) ခုနှစ်က စတင်ခဲ့သည့် အလုပ်တွင် Yin က ရှင်းလင်းပြသခဲ့သည်။[၄၃] 'ဥပဒေနယ်ပယ်' ကဲ့သို့ အခြားသော နယ်ပယ်များတွင် အသုံးပြုသည့် 'သင်ကြားမှုနည်းလမ်း' အဖြစ် အသုံးပြုသည့် ဖြစ်ရပ်အခြေပြု လေ့လာမှုနှင့်

---

[၃၉] See Smits, supra note 20, p. 85. See Epstein & King, supra note 12, pp. 8-9. T. Eisenberg, 'The Origins, Nature, and Promise of Empirical Legal Studies and a Response to Concerns' (2011), p. 1719 available at: <http://scholarship.law.cornell.edu/facpub/974> (last visited 7 November 2017). See Heise, supra note 22, p. 813

[၄၀] အရည်အသွေးအခြေပြုသုတေသနရှိ သုတေသနပညာရှင်၏ 'စူးစမ်းလေ့လာသည့် နည်းဗျူဟာ' ကို ခွဲခြားရာတွင် Creswell ၏ ဘာသာစကားအရ 'နည်းဗျူဟာ (strategy)' ဟူသည့် အသုံးအနှုန်းအား 'နည်းလမ်း (methodology)' ဟူသည့် အသုံးအနှုန်းနှင့် ပြောင်းလဲ အသုံးပြုနိုင်သည်။ ထို့အပြင် 'နည်းလမ်းနှင့် ရလဒ်ကို ဆက်သွယ်ပေးသည့် လုပ်ဆောင်ချက်အစီအမံ' ကို လမ်းညွှန်ပေးပြီး 'နည်းလမ်းများကို ရွေးချယ်၍ အသုံးပြုခြင်း' ကို လွှမ်းမိုးရန်အတွက် သုတေသနနည်းလမ်း နှင့် / သို့မဟုတ် အခြေခံသဘောတရားများလည်း ဖြစ်ကြသည်။ 'နည်းဗျူဟာ (strategy)' ဟူသည့် အသုံးအနှုန်းနှင့် တူညီသည့် 'နည်းလမ်း (methodology)' အသုံးအနှုန်းသည် ၏ ဘာသာစကားအရဆိုလျှင် 'စည်းစနစ် (methods)' နှင့် 'နည်းစနစ် (techniques)' အသုံးအနှုန်းများနှင့် ကွာခြားသည်။ 'စည်းစနစ် (methods)' နှင့် 'နည်းစနစ် (techniques)' တို့သည့် ပြောင်းလဲအသုံးပြုနိုင်ပြီး အရည်အသွေးအခြေပြုသုတေသနရှိ အချက်အလက်ကောက်ယူရန်အတွက် နည်းစနစ်ကို ခွဲခြားရာတွင် အသုံးပြုသည်။ See Creswell, supra note 27, p. 5.

[၄၁] See Creswell, supra note 27, p. 15.

[၄၂] ဥပမာအားဖြင့် Yin ၏ အဆိုအရဆိုသော် ဖြစ်ရပ်လေ့လာမှုသုတေသနသည် လူမျိုးသရုပ်ခွဲသည့်ပညာရပ်နှင့် ကွာခြားပါသည်။ အဆိုပါပညာရပ်သည် ပါဝင်သူများအပေါ် စူးစမ်းလေ့လာမှုများမှတဆင့် အချက်အလက် ကောက်ယူခြင်းကိုသာ ဆောင်ရွက်သည်။ R.K. Yin, 'The Case Study Crisis: Some Answers', (1981) 26 *Administrative Science Quarterly*, no. 1, pp. 58-59. See Webley (2016), supra note 24, p. 939.

[၄၃] R.K. Yin, *Case Study Research: Design and Methods* (5th edition 2014).

ဖြစ်ရပ်လေ့လာမှုသုတေသနအား Yin က သူ၏ စာအုပ်တွင် ခွဲခြားပြသခဲ့သည်။[၄၄] ထို့နောက် ဖြစ်ရပ်လေ့လာမှု ဝိရောဓိအကြောင်း ဆွေးနွေးသည်။ ဆိုလိုသည်မှာ တိကျသေချာမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ခိုင်မာမှုမရှိသည့် 'လိုလားမှုမရှိသော' သုတေသနနည်းလမ်းများအဖြစ် ဖြစ်ရပ်အခြေပြု လေ့လာမှုအား သမရိုးကျ လက်ခံထားသော်လည်း ဖြစ်ရပ်လေ့လာမှုကို အမျိုးမျိုးသော ပညာရပ်နယ်ပယ်များတွင် ဖြစ်ရပ်အခြေပြု လေ့လာမှု သုတေသနအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။[၄၅] ဖြစ်ရပ်လေ့လာမှုနည်းလမ်းသည် မည်သို့ အမှန်တကယ်သတ်မှတ်ထားကြောင်းနှင့် မည်သည့်သတ်မှတ်ချက်များက အဆိုပါနည်းလမ်းအား အမြဲတစေ 'နားလည်သဘောပေါက်မှုနည်းနေ' သေးကြောင်းကို သရုပ်ဖော်ပြသသူ Flyvbjerg ၏ ပညာရပ်နယ်ပယ်တွင်မူ ဖြစ်ရပ်လေ့လာမှုဝိရောဓိက အဓိကအချက် ဖြစ်နေသေးသည်။[၄၆] နည်းလမ်းများအား ပုံသေကားကျ အမျိုးမျိုးမှတ်ယူခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဖြစ်ရပ်လေ့လာမှုနည်းလမ်း၏ 'ထူးခြား၍' 'စစ်ဆေးမှု မပြုရသေးသည့် အနေအထား' အား Ragin နှင့် Becker သာမက George နှင့် Bennett တို့၏ပညာရပ်စာပေတို့တွင် ထင်ဟပ်တွေ့မြင်နိုင်သည်။[၄၇] ဖြစ်ရပ်လေ့လာရာတွင် အရည်အသွေးအခြေပြုနည်းလမ်း (case study qualitative method) အသုံးပြုခြင်းသာမက ၎င်း၏ တွေ့မြင်ရသည့် ကောင်းကျိုးနှင့် အားနည်းချက်များအပေါ် ပုံသေကားကျ ရှုမြင်ချက်များအား အခန်းခွဲ (၂.၂) တွင် ဆွေးနွေးထားပါသည်။

Yin ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအရ ဖြစ်ရပ်လေ့လာမှုသည် လက်တွေ့မျက်မြင်အခြေပြု လေ့လာမှုဖြစ်ပြီး ၎င်းသည် လက်တွေ့ဘဝအကြောင်းအရာအတွင်း ခေတ်ပြိုင်ဖြစ်ရပ်များကို အတွင်းကျကျ လေ့လာစုံစမ်းခြင်း ဖြစ်သည်။ အထူးသဖြင့် ဖြစ်ရပ်နှင့် အကြောင်းအရာအကြား ခြားနားချက်သည် ရှင်းလင်းကွဲပြားခြင်းမရှိသည့်အခါ ဖြစ်ရပ်လေ့လာမှု ပြုရခြင်း ဖြစ်သည်။[၄၈] လူမှုရေးရာစူးစမ်းလေ့လာမှုနယ်ပယ်ရှိ ဖြစ်ရပ်လေ့လာမှုနှင့် ၎င်း၏ ကျိုးကြောင်းခိုင်မာသည့် ဖွံ့ဖြိုးမှုသည် သိသာထင်ရှားသည့် သုတေသနနည်းလမ်းပညာရပ်ကို ထွက်ပေါ်လာစေရန် လှုံ့ဆော်လျက်ရှိသည်။[၄၉] ဖြစ်ရပ်လေ့လာမှုသုတေသနအား စူးစမ်းရှာဖွေလေ့လာရန် ရည်ရွယ်ချက်များအတွက်သာ အဓိကအသုံးပြုရန် ပုံသေကားကျ လက်ခံခဲ့ကြသည်။ ဥပမာအားဖြင့် သုတေသနကနဦးအဆင့်များတွင် ယူဆချက်များကို ထုတ်ဖော်ခြင်းအတွက်သာ ဖြစ်သည်။ Yin နှင့် အခြားပညာရှင်များအဆိုအရ ဖြစ်ရပ်လေ့လာမှုသုတေသနသည် အတွင်းကျကျ စူးစမ်းလေ့လာရန်အတွက်သာမက ပြည်သူများ၏ အပြုအမူနှင့် ဖြစ်ရပ်များနှင့် သက်ဆိုင်သည့် ဆောင်ရွက်ချက်များ၊ ဖြစ်ရပ်များ၊ အခြေအနေများနှင့် လုပ်ငန်းစဉ်များအား အသေးစိတ် ခွဲခြား၍ ရှင်းလင်း

[၄၄] Ibid., p. 5.

[၄၅] Ibid., p. 19.

[၄၆] B. Flyvbjerg, 'Case study', in N.K. Denzin & Y.S. Lincoln (eds.), *The Sage Handbook of Qualitative Research* (2011), p. 302. J. Gerring, 'What is a case study and what is it good for?', (2004) 98 *The American Political Science Review*, no. 2, p. 341.

[၄၇] C.C. Ragin & H.S. Becker, *What is a Case?: Exploring the Foundations of Social Inquiry* (1992), p. 8. See A.L. George & A. Bennett, *Case studies and theory development in the social sciences* (2005), pp. 5-6.

[၄၈] See Webley (2010), supra note 24, pp. 939-940. See Yin, supra note 43, p. 16. See Webley (2016), supra note 24, pp. 1-21.

[၄၉] H. Simons, 'Case Study Research: In-Depth Understanding in Context', in P.L. Leavy (ed.), *The Oxford Handbook of Qualitative Research* (2015), pp. 455-470. R.E. Stake, 'Qualitative Case Studies', in N.K. Denzin & Y.S. Lincoln, *The Sage Handbook of Qualitative Research* (2005). See Ragin & Becker, supra note 47. D. Byrne & C.C. Ragin, *The Sage Handbook of Case-Based Methods* (2009). See Flyvbjerg, supra note 46. See Gerring, supra note 46.

တင်ပြရန်ကိုလည်း ရည်ရွယ်ပါသည်။[၅၀] သို့ဖြစ်၍ 'ဖြစ်ရပ်အခြေပြုလေ့လာမှုသည် ယူဆချက်များအား ထုတ်ဖော်၍ စမ်းသပ်ခြင်းတို့အတွက် အသုံးဝင်သော်လည်း အဆိုပါသုတေသနဆောင်ရွက်မှုများ တစ်ခုတည်းအတွက်သာ ကန့်သတ်ထားခြင်း မရှိကြောင်း' Flyvbjerg က ခုခံချေပသည်။[၅၁]

'ခေတ်ပြိုင်ဖြစ်ရပ်အစုများအကြောင်း ဘာ့ကြောင့်နှင့် မည်သို့ဟူသည့် [သုတေသန] မေးခွန်းအား မေးမြန်းသောအခါနှင့် အဆိုပါမေးခွန်းများအပေါ် လေ့လာသူက ထိန်းချုပ်မှု အနည်းငယ် သို့မဟုတ် လုံးဝမရှိသည့် အခြေအနေတွင် ဖြစ်ရပ်လေ့လာမှုသုတေသနသည် အသုံးပြုရန် အထူးသင့်လျော်သည်။[၅၂] ဥပမာအားဖြင့် အချို့ပြည်သူများသည် အခြားအရာများအနက် လက်တွေ့ဘဝဖြစ်ရပ်များ၊ အဖွဲ့အစည်းနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များ၊ အခြေအနေများနှင့် အရေးယူဆောင်ရွက်ချက်များအား အလေးထားကြောင်းကိုသာမက ဤအရေးယူဆောင်ရွက်ချက်များ၊ ဖြစ်ရပ်များနှင့် အခြေအနေများကိုအသုံးပြု၍ အမှန်တကယ် ဖြစ်ပျက်သည့် လုပ်ငန်းစဉ်များအကြောင်း အနက်အဓိပ္ပာယ်ကို သတ်မှတ်ရန် သုတေသနပညာရှင်က ရည်ရွယ်ပါက ဖြစ်ရပ်အခြေပြုလေ့လာမှုကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည်။[၅၃] ဤနည်းဖြင့် စစ်ဆေးသည့် ဖြစ်ရပ်ဆိုင်ရာ နားလည်သဘောပေါက်မှုနှင့် ဗဟုသုတများကို သုတေသနပညာရှင်က ပိုမိုရရှိနိုင်ပါသည်။[၅၄]

ဖြစ်ရပ်အခြေပြုလေ့လာမှုနည်းလမ်းဖွံ့ဖြိုးတိုးတက်စေသည့် Yin ၏ ထင်ရှားသည့်နည်းလမ်းတွင် လက်တွေ့မျက်မြင်ဝါဒနှင့် ဆင်ခြင်တွက်ဆမှု ရပ်တည်ချက်ပါဝင်ပါသည်။ အဆိုပါရပ်တည်ချက်သည် သီအိုရီအား စမ်းသပ်ရန် (ဖြစ်ရပ်တစ်ခုတည်း လေ့လာသည့် ဒီဇိုင်းများ) နှင့် သီအိုရီအား ဖော်ထုတ်ရန် (ဖြစ်ရပ်များစွာအား လေ့လာသည့် ဒီဇိုင်းများ) အဓိက ရည်ရွယ်ပြီး ကျိုးကြောင်းညီညွတ်ခိုင်လုံမှုနှင့် ယုံကြည်အားထား စိတ်ချရမှုအား ပုံတူကူးယူခြင်း ခံစားရသည်။[၅၅] သုတေသနပညာရှင်ကိုယ်တိုင် ပြုလုပ်သည့် ဘက်လိုက်မှုရှိသော်ငြားလည်း လေ့လာမှု၏ ဓမ္မဓိဋ္ဌာန်ကျခြင်းကို ကာကွယ်ပေးရန်အတွက် အဆိုပါ သီအိုရီများအား ဖွဲ့စည်းခြင်း ဖြစ်သည်။ Yin ၏ အဆိုအရ ဆိုသော် ဓမ္မဓိဋ္ဌာန်ကျမှုကို ထိန်းသိမ်းခြင်းသာမက ကျိုးကြောင်းညီညွတ်ခိုင်လုံမှုနှင့် ယုံကြည်အားထား စိတ်ချရမှုအတွက် လိုအပ်ချက်များကို ပြည့်မီစေခြင်းတို့သည် သုတေသနဒီဇိုင်းတိုးတက်မှုကို လိုအပ်သည်။ အဆိုပါဒီဇိုင်းသည် ခြေရာခံနိုင်၍ ပွင့်လင်းမြင်သာမှုရှိသည့် နည်းစနစ်တကျ လုပ်ငန်းစဉ်နှင့် အဆင့်တချို့လိုအပ်သည်။[၅၆] ထင်ရှားသည့် လူမှုရေးသိပ္ပံ ပညာရှင်နှစ်ဦးဖြစ်သည့် Eisenhardt နှင့် Graebner တို့က ဖြစ်ရပ်လေ့လာမှု သုတေသနအတွက် ပို၍

---

[၅၀] See Webley (2010), supra note 24, p. 940. See Creswell, supra note 27, p. 15. See Flyvbjerg, supra note 46, p. 302. See Yin, supra note 43, p. 4.

[၅၁] See Flyvbjerg, supra note 46, p. 306.

[၅၂] See Yin, supra note 43, p. 14.

[၅၃] J. Mason, *Qualitative Researching* (1996), p. 129.

[၅၄] J.A. Maxwell, 'Designing a qualitative study', in L. Bickman & D.J. Rog (eds.), *The Sage Handbook of Applied Social Research Methods* (2009), p. 221.

[၅၅] See Yin, supra note 43, pp. 36-37. See Webley (2010), supra note 24, pp. 932-936.

[၅၆] ၎င်းတို့မှာ - သုတေသနလုပ်ထုံးလုပ်နည်းများကို ဖွံ့ဖြိုးစေမှု၊ ပုံတူကူးချခြင်းအပေါ်အခြေခံ၍ ဖြစ်ရပ်များကို သတိကြီးစွာထား၍ လျော်ကန်အောင် ရွေးချယ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာမှု ယူနစ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ မတူညီသည့် ရင်းမြစ်များစွာမှ အချက်အလက်များကို ကောက်ယူခြင်း၊ ပုံစံများကိုက်ညီအောင်ပြုလုပ်ခြင်းနှင့် အခြားနည်းစနစ်များအသုံးပြု၍ အချက်အလက်များအား သီအိုရီဆိုင်ရာအဆိုပြုချက်များနှင့် ကျိုးကြောင်းဆီလျော်မှုနည်းလမ်း၊ နှင့် နောက်ဆုံးအနေဖြင့် အချက်အလက်များအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း တို့ ဖြစ်ကြသည်။ See Yin, supra note 43, pp. 27-68.

အနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည့် ချဉ်းကပ်မှုကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။[၅၇] ထွက်ပေါ်လာသည့် သီအိုရီကို ၎င်း၏ အထောက်အထားအခြေခံမှုအပေါ်မူတည်၍ မည်သို့ ကိုင်တွယ်မည်ကို အကြံပြုပါသည်။ ဤကဲ့သို့ အထောက်အထား အခြေခံမှုအပေါ် မူတည်ခြင်းဖြင့် ၎င်းသီအိုရီအား 'အချက်အလက် ကောင်းများ ပြည့်စုံသည့်' သီအိုရီဟု ခေါ်ဆိုကြပြီး အချက်အလက်ကောင်းများ ပြည့်စုံသည့် သီအိုရီဖွံ့ဖြိုးတိုးတက်မှုကို အလေးထားကြောင်း Glaser နှင့် Strauss တို့၏ အစဉ်အလာအနက်အဓိပ္ပာယ်မှ အနည်းငယ်ကွဲပြား ပါသည်။[၅၈]

လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနရှိ ဥပဒေပညာရှင်များက အသုံးပြုသည့် ဖြစ်ရပ်အခြေပြု လေ့လာမှုအတွက် အခွင့်အလမ်းကို အထက်ဖော်ပြပါ ချဉ်းကပ်မှုများက ဆောင်ကြဉ်းပေးသည်။ သို့ရာတွင် Webley က မှတ်ချက်ပြုသကဲ့သို့ ဖြစ်ရပ်အခြေပြုလေ့လာမှုကို အသုံးပြုခြင်းသည် လက်တွေ့မျက်မြင်အခြေပြု ဥပဒေ သုတေသနတွင် အတော်ကလေး အသုံးပြုမှု နည်းပါးနေသေး' ပါသည်။[၅၉] Webley ၏ အဆိုအရ လက်တွေ့ မျက်မြင်အခြေပြုဥပဒေသုတေသနတွင် ဖြစ်ရပ်လေ့လာမှုကို အသုံးပြုခြင်းဖြင့် ဥပဒေနှင့် ဆက်စပ်သည့် နယ်ပယ်များ အပေါ် လွှမ်းမိုးလျက်ရှိသည့် ဥပဒေပြဋ္ဌာန်းခြင်းအား မည်သို့ 'နားလည်သည် (understood)'၊ 'အသုံးချသည် (applied)' သို့မဟုတ် 'လွဲမှားစွာ အသုံးချသည် (misapplied)'၊ 'ဖြိုဖျက်သည် (subverted)'၊ 'လိုက်နာသည် (complied with)' သို့မဟုတ် 'ငြင်းပယ်သည် (rejected)' တို့နှင့် သက်ဆိုင်သည့် လေ့လာစိတ်ဖြာမှုတို့ကို ဆောင်ရွက်ပေးသည်။[၆၀] အလားတူ ဖြစ်ရပ်လေ့လာမှုသုတေသန၏ မည်သည့်ပုံစံအား လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနအတွင်း အောက်ပါအချက်များကြောင့် ထည့်သွင်းအသုံးချနိုင်ကြောင်းကို Hutchinson က သရုပ်ဖော်ပြသသည် -

(က) စူးစမ်းလေ့လာမှုဆိုင်ရာအကြောင်းရင်း (exploratory reasons) – ကွဲပြားသည့် ဥပဒေရလဒ်များ ဖြစ်ပေါ်စေသည့် အမှုကိစ္စရပ်များ၏ စံနမူနာဥပမာများကို စူးစမ်းရှာဖွေလေ့လာရန်အတွက် ဥပဒေဆိုင်ရာ ဖြစ်ရပ်လေ့လာမှုက ခွင့်ပြုလိမ့်မည် ဖြစ်သည်။ ဥပမာအားဖြင့် အမှုအခင်းကို စစ်ဆေးသည့် လက်ရေးမှု ထွက်ချက် (trial transcripts) နှင့် တရားရုံး ဆုံးဖြတ်ချက်များ သို့မဟုတ် အမှုသည်များနှင့် မေးမြန်းခြင်းမှ ရရှိသည့် အချက်အလက်များကို လွှမ်းခြုံသည့် ဥပဒေဆိုင်ရာဖြစ်ရပ်လေ့လာမှုဖြစ်သည်။

(ခ) သရုပ်ဖော် (ခွဲခြမ်းစိတ်ဖြာ ပြသ) သည့် အကြောင်းရင်း (illustrative (descriptive) reasons) – အဖွဲ့အစည်း အမျိုးမျိုးရှိ ကျင့်သုံးပုံများကို ညွှန်ပြ၍ နှိုင်းယှဉ်ခြင်းနှင့် ၎င်းတို့၏ ကွဲပြားခြားနားမှုများကို ရှင်းလင်းပြသခြင်းဖြင့် ဥပဒေဆိုင်ရာဖြစ်ရပ်လေ့လာမှုကို သရုပ်ဖော်ပြသနိုင်သည်။

(ဂ) ရှင်းလင်းပြသသည့်အကြောင်းရင်း (explanatory reasons) – အချို့ဥပဒေလုပ်ငန်းစဉ်ရှိ ငုပ်လျှိုးနေသည့် ထင်ရှားသည့် အကြောင်းပြချက်များကို ဥပဒေဆိုင်ရာဖြစ်ရပ်လေ့လာမှုက ရှင်းပြလိမ့်မည် ဖြစ်သည်။[၆၁]

[၅၇] K.M. Eisenhardt & M.E. Graebner, 'Theory Building from Cases: Opportunities and Challenges', (2007) 50 *Academy of Management Journal*, no. 1, p. 25.

[၅၈] Ibid., pp. 27-30.

[၅၉] See Webley (2016), supra note 24, p. 2.

[၆၀] Ibid., p. 3.

[၆၁] T.C.M. Hutchinson, *Research and Writing in Law* (2002), p. 104.

Translation Rights © HRERP

## ၂.၂ လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနရှိ ဖြစ်ရပ်လေ့လာမှု၏ အားသာချက်နှင့် အားနည်းချက်များ

လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနရှိ ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြု နည်းလမ်းများ အကြောင်းကို အခန်းခွဲ (၂.၁) တွင် ရှင်းလင်းပြသခဲ့ပြီး ဖြစ်သည်။ ၎င်းနည်းလမ်းသည် လက်တွေ့ဘဝဖြစ်ရပ်များ၊ အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ နှင့်/သို့မဟုတ် လူသားများ၏ အရေးယူဆောင်ရွက်ချက်များနှင့် အပြုအမူများဆိုင်ရာ အနက်အဓိပ္ပာယ်ကို အတွင်းကျကျ စူးစမ်းလေ့လာခြင်း ဖြစ်နိုင်သည်။[၆၂] အထူးသဖြင့် လက်တွေ့မျက်မြင်အခြေပြုသုတေသနမှုဘောင်အတွင်း အကူနည်းလမ်းတစ်ခုအဖြစ် အသုံးပြုသည့်အခါ သုတေသန နည်းလမ်းတစ်ခုအနေအဖြစ် ဖြစ်ရပ်လေ့လာမှုနည်းလမ်းများ၏ အားနည်းချက်များနှင့် အားသာချက်များကို သုတေသနပညာရှင်တိုင်း သိရှိထားသင့်သည်။ ဖြစ်ရပ်လေ့လာမှု သုတေသန၏ အားသာချက်နှင့် အားနည်းချက်များအား လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနနယ်ပယ်များအတွင်း ချဲ့ထွင်နိုင်သည်။ သို့ရာတွင် ဖြစ်ရပ်လေ့လာမှုသုတေသန၏ အားသာချက်နှင့် အားနည်းချက်များသည် ပညာရှင်များ၏ ဆွေးနွေးငြင်းခုံမှုပါ အကြောင်းအရာဖြစ်လာပြီး မြောက်များစွာသော ခုခံချေပဆွေးနွေးချက်များ ဖြစ်ပေါ်လာသော်ငြား (ဇယား ၁ ကို ကြည့်ပါ) အဆိုပါ ခုခံချေပချက်များအား ဤအခန်းတွင် အနည်းငယ် ခွဲခြမ်းစိတ်ဖြာသည့် ပုံစံဖြင့် အကြမ်းဖျင်း ဆွေးနွေးထားပြီး ပိုမိုအသိအမြင်ပေးသည့်နည်းလမ်းဖြင့် ဆွေးနွေးထားပါသည်။ အကြောင်းရင်းမှာ ဤဆောင်းပါး၏ ရည်ရွယ်ချက်သည် ဆက်လက်ဖြစ်ပေါ်နေသည့် ဖြစ်ရပ်လေ့လာမှုနည်းစနစ်များအကြောင်း ငြင်းခုံဆွေးနွေးခြင်း မဟုတ်ပါ။ နည်းစနစ်များအကြောင်း ဆွေးနွေးငြင်းခုံခြင်းသည် လူမှုရေးသိပ္ပံဘာသာရပ်တွင် အရည်အသွေးအခြေပြု သုတေသနပညာရှင်များက အထူးသဖြင့် ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြသည်။ ဆန့်ကျင်ဘက်အားဖြင့် ဥပဒေ သုတေသနကို အထောက်အပံ့ပြုရန် ဥပဒေသုတေသပညာရှင်များက အသုံးပြုလေ့ရှိကြသည့် ဥပဒေမှအပ အခြားသုတေသနနည်းလမ်းများကဆောင်ကြဉ်းပေးသည့် အခွင့်အလမ်းများကို ဤနေရာတွင် ချင့်ချိန် စဉ်းစားရန် အရေးကြီးပါသည်။

ဖြစ်ရပ်လေ့လာမှုဖွံ့ဖြိုးလာခြင်းသည် ဥပဒေသုတေသနပညာရှင်များအတွက် 'မည်သို့ (how)' နှင့် 'ဘာ့ကြောင့် (why)' ဆိုသည့်မေးခွန်းများကို ဖြေဆိုရာတွင် အကျိုးဖြစ်ထွန်းစေသည်။ ၎င်းတို့သည် ပင်ကိုအားဖြင့် ဥပဒေဆိုင်ရာမေးခွန်းများမဟုတ်ကြသော်လည်း ဥပဒေမေးခွန်းများအတွက်မူ လိုက်ဖက်သောမေးခွန်းများ ဖြစ်ကြသည်။ အဆိုပါမေးခွန်းများကို ဖြေဆိုရာတွင် သီးသန့်အကြောင်းအရာများကို စစ်ဆေးရန်အတွက် ဥပဒေခုခံချေပချက်များနှင့် သီအိုရီတည်ဆောက်မှုများထက်စာလျှင် ဥပဒေသုတေသနပညာရှင်သည် (အင်တာဗျူး မေးမြန်းခြင်း၊ စာအုပ်စာတမ်းများနှင့် စူးစမ်းလေ့လာခြင်းတို့မှတဆင့် စုဆောင်းထားသည့်) လက်တွေ့ဘဝဖြစ်ရပ်၏ ခေတ်ပြိုင် အချက်အလက်များကို အသုံးပြုနိုင်သည်။ ဥပမာများမှာ 'ဥပဒေစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း' နှင့် 'အဖွဲ့အစည်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ' ကို အကောင်အထည်ဖော်ခြင်းကဲ့သို့ အခြား 'လုပ်ငန်းစဉ်များ' ဖြစ်ကြသည်။ အထူးသဖြင့် အဆိုပါအချက်အလက်များကို မည်သို့သဘောပေါက်လက်ခံသည်၊ အဆိုပါအချက်အလက်များတွင် ပါဝင်သည့် လူများသည် ၎င်းအချက်များကို မည်သို့ တုံ့ပြန်သည်နှင့် ၎င်းတုံ့ပြန်ချက်များသည် အဆိုပါစည်းမျဉ်း၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၏ အကျိုးရှိထိရောက်မှုအပေါ် မည်သို့ တုံ့ပြန်သည်တို့နှင့် ဆက်စပ်ပါသည်။[၆၃] ဤနည်းလမ်းအတိုင်း ကျွမ်းကျင်မှုတိုးတက်မှုကို လိုအပ်သည့် အလုပ်များတွင် ပါဝင်ခြင်းဖြင့် ဥပဒေသုတေသနပညာရှင်သည် အချို့သော သုတေသနမေးခွန်းများအတွက် အဖြေကိုရှာဖွေနိုင်

---

[၆၂] See Yin, supra note 43, p. 4.

[၆၃] See Webley (2016), supra note 24, p. 21.

သည်။[၆၄] ဥပဒေပြဋ္ဌာန်းခြင်းနှင့် စီရင်ထုံးဥပဒေမှ အဓိကအားဖြင့် ထုတ်နှုတ်ယူထားသည့် ဥပဒေအချက်အလက်များကိုသာ ကိုင်တွယ်အသုံးပြုရန် ရှေ့နေများအား အစဉ်အလာအားဖြင့် သင်တန်းပေးမည့် ဥပဒေပညာရပ်ဆိုင်ရာ ပြဿနာကို ဖော်ထုတ်သူမှာ Webley က ပထမဆုံးပညာရှင် မဟုတ်ပေ။[၆၅] ဤပညာရေးသည် ရှေ့နေများအား အင်တာဗျူးမေးမြန်းခြင်း၊ စစ်တမ်းကောက်ယူခြင်းနှင့် လေ့လာစူးစမ်းခြင်းကဲ့သို့သော လက်တွေ့ဘဝအချက်အလက်များ၏ အခြားရင်းမြစ်ပုံစံများကို ကိုင်တွင်အသုံးပြုရန် လေ့ကျင့်ထားခြင်း မရှိပေ။

ထို့အပြင် အချက်အလက်များစုဆောင်းသည့် မတူညီသောရင်းမြင်များမှ အရင်းခံလာသည့် တုံ့ပြန်ချက်များကို စုဆောင်းရန်နှင့် မှန်ကန်ကြောင်းအတည်ပြုရန်အတွက် ဖြစ်ရပ်အခြေပြုသုတေသနသည် ဥပဒေသုတေသနပညာရှင်အတွက် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးသည်။ သုံးနားညီနည်းစနစ် (triangulation) အသုံးပြု၍ ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် မတူညီသည့် ချဉ်းကပ်မှုများအား နှိုင်းယှဉ်ခြင်းပင် ဖြစ်သည်။[၆၆] ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုနည်းလမ်းတွင် အသုံးပြုသည့် သုံးနားညီနည်းစနစ်အား Webley က တိတိကျကျ သတ်မှတ်ထားသည်။ ‘မည်သည့်ရှင်းလင်းချက်များသည် အချက်အလက်ရင်းမြစ်များအားလုံးတွင် တူညီကြောင်း မြင်တွေ့နိုင်ရန်အတွက် အားလုံးခြုံငုံ စစ်ဆေးမေးမြန်းနိုင်ရေး မတူညီသည့် ရှုထောင့်များမှ ဖြစ်နိုင်သမျှ မတူညီသည့် အချက်အလက်ပုံစံများကို အသုံးပြုခြင်း’ ဖြင့် သုတေသနမေးခွန်းကို စဉ်းစားသည့် လုပ်ငန်းစဉ်အဖြစ် သုံးနားညီစနစ်အား သတ်မှတ်ထားခြင်း ဖြစ်သည်။[၆၇] အဆိုပါချဉ်းကပ်မှုသည် ဥပဒေသုတေသနပညာရှင်အား ဖြစ်ရပ်တစ်ခုကို ၎င်း၏ သဘာဝဝန်းကျင်တွင် အားလုံးခြုံငုံစစ်ဆေးနိုင်ရန် ခွင့်ပြုပေးသည်။ ထို့သော် မတူညီသည့် အချက်အလက်ပုံစံများမှ မတူညီသည့် အမြင်ရှုထောင့်များကို ဖမ်းယူရင်း မြောက်များစွာသော ရှင်းလင်းချက်များကို သတ်မှတ်ဖော်ထုတ်ပေးသည်။[၆၈]

လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသန၏ အစိတ်အပိုင်းအဖြစ် ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုဖွံ့ဖြိုးတိုးတက်မှုမူဘောင်အတွင်း ဥပဒေသုတေသနပညာရှင်သည် အားလုံးခြုံငုံမိသော ပိုမို အတွင်းကျသည့် အကြောင်းအရာဆိုင်ရာအမြင်ဖြင့် အရှိတရားကို ရှုမြင်နိုင်သည်။ အဆိုပါအမြင်သည် ချဉ်းကပ်မှုများ၊ ဖြစ်ရပ်များ၊ အပြုအမူများနှင့် လုပ်ငန်းစဉ်များနှင့် ဆက်စပ်သည့် အထောက်အထားအခြေပြုအမြင် ဖြစ်သည်။ လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသန၏ အစိတ်အပိုင်းဖြစ်သည့် ဖြစ်ရပ်လေ့လာမှု သုတေသနသည် ဥပဒေသုတေသန ပညာရှင်အား ဥပဒေကို အကောင်အထည်ဖော်ကျင့်သုံးရာတွင် ကြုံတွေ့ရသည့် ရှုပ်ထွေးခက်ခဲမှုများနှင့်

---

[၆၄] Ibid. See Yin, supra note 43, pp. 9-11. See Webley (2016), supra note 24, p. 21 က လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနရှိ ဖြစ်ရပ်လေ့လာမှုကို ထိထိရောက်ရောက်အသုံးပြုမှုနှင့် သက်ဆိုင်သည့် အချက်ကို ဖော်ပြသည်။ ၎င်းအချက်သည် ဥပဒေကို လက်တွေ့ကျင့်သုံးသူများ၏ ကျွမ်းကျင်မှုများကို ပိုကျယ်ပြန့်လာစေသည် - ‘ဥပမာများစွာတွင် ဖော်ပြထားသကဲ့သို့ သုတေသနဒီဇိုင်းအတွက် ကောင်းစွာဖွဲ့စည်းထား၍ လေးနက်စွာထင်ဟပ်ပြနိုင်မည့် ချဉ်းကပ်မှုကို ချမှတ်ရန် လိုအပ်သည်။ ထို့အပြင် နှုတ်ပြောအဆိုပြုချက်များနှင့် ဖြစ်နိုင်ချေရှိသည့် ရှင်းလင်းဖော်ပြချက်များကို လက်ဦးမှုရယူ စဉ်းစားရန် (အယူအဆတည်ဆောက်ခြင်း) နှင့် လေ့လာမှုကနဦးအဆင့်တွင် သီအိုရီကို ထိတွေ့ဆောင်ရွက်ရန်’ တို့ လိုအပ်သည်။

[၆၅] See Webley (2016), supra note 24, p. 2. See Heise, supra note 22, p. 811. See Epstein & King, supra note 12, p. 1. လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသနနယ်ပယ်တွင် Siems က ‘နောက်ဆက်တွဲသင်တန်းများမရှိဘဲနှင့် သိပ္ပံနည်းကျ ဥပဒေသုတေသနသည် သာမန်ကာလျှံကာမျှသာ ဖြစ်နေဆဲဖြစ်ပြီး မှားယွင်းသည့်ရလဒ်များ ထွက်ပေါ်စေကြောင်း ရှေ့နေများက လက်ခံရမည်’ ဟု ပြဆိုထားသည်။ See Siems, supra note 1, p. 11.

[၆၆] See Hutchinson, supra note 61, p. 103. See Webley (2016), supra note 24, p. 3.

[၆၇] See Webley (2016), supra note 24, p. 3.

[၆၈] See Hutchinson, supra note 61, p. 103.

အကျိုးသက်ရောက်မှုကို စစ်ဆေးရန် အခွင့်အလမ်း ဖန်တီးပေးသည်။ ထိုသို့စစ်ဆေးရာတွင် သတ်မှတ်ကာလအတွင်း သဘာဝအစီအစဉ်အလိုက် ဖြစ်ရပ်များကို အစဉ်အတိုင်း လေ့လာစစ်ဆေးခြင်း ဖြစ်သည်။

သို့သော် ဥပဒေသုတေသနပညာရှင်သည် ဖြစ်ရပ်လေ့လာမှုသုတေသန၏ တွေ့ရှိပြီးဖြစ်သည့် အားနည်းချက်နှင့် ‘ထင်မြင်ယူဆချက်ဖြင့် ဆုံးဖြတ်ခြင်း (prejudices)’ သာမက အသုံးပြုသည့် နည်းလမ်းများကိုပါ နားလည်သိရှိထားရန် လိုအပ်သည်။[၆၉] အရေအတွက်အခြေပြုကိန်းဂဏန်းအချက်အလက်လေ့လာမှုများနှင့် နှိုင်းယှဉ်ပါက အများဆုံးအသိအမှတ်ပြုထားသည့် ဖြစ်ရပ်လေ့လာမှုသုတေသန၏ အားနည်းချက်မှာ သေသေချာချာ စဉ်းစားမှုနှင့် ကျိုးကြောင်းညီညွတ်ခိုင်မာမှုတို့တွင် တွေ့မြင်ရသည့် အားနည်းချက်ပင်ဖြစ်သည်။[၇၀] သုတေသန နည်းလမ်းဆိုင်ရာ ပညာရပ်နယ်ပယ်တွင် ဖြစ်ရပ်လေ့လာမှုသုတေသနတွင် သင့်လျော်သည့် ဖြစ်ရပ်နမူနာများကို ဖွံ့ဖြိုးအောင် ပြုလုပ်ရာတွင် ကျိုးကြောင်းညီညွတ်ခိုင်လုံမှုမရှိခြင်းနှင့် ရလဒ်များအား ဓမ္မဓိဋ္ဌာန်ကျကျ မှန်ကန်ကြောင်း စစ်ဆေးနိုင်မှု မရှိခြင်းပင် ဖြစ်သည်။[၇၁] ဖြစ်ရပ်လေ့လာမှုသုတေသနတွင် ဖြစ်ရပ်ရွေးချယ်ခြင်းနှင့် သုတေသနရလဒ်များတွင် သုတေသနပညာရှင်၏ ဘက်လိုက်မှု စိမ့်ဝင်ထိုးဖောက်နိုင်ရန်အတွက် နေရာတစ်ခုရှိကြောင်း တွေ့မြင်ရသည်။[၇၂] ထို့ကြောင့် ဖြစ်ရပ်လေ့လာမှုသုတေသနတွင် အချက်အလက်ကို ဓမ္မဓိဋ္ဌာန်ကျကျ နားလည် သဘောပေါက်ခြင်း မရှိဘဲ သုတေသနပညာရှင်၏ ပုဂ္ဂိုလ်ရေးဘက်လိုက်မှုဟု ခေါ်ဆိုသည့် ‘အတွင်းအမြင်ရှု့ထောင့်’ က အဓိကအားဖြင့် လွှမ်းမိုးနိုင်သည်။[၇၃] သို့သော် က မှန်ကန်စွာ ပြဆိုသကဲ့သို့ စစ်တမ်းကောက်ယူရာတွင် အသုံးပြုသည့် ဓမ္မဓိဋ္ဌာန်ကျကျ နမူနာရွေးချယ်ခြင်းနှင့် ကွဲပြားခြားနားလျက် အခြားအရာများအနက် ဖြစ်ရပ်အခြေပြု လေ့လာမှုရွေးချယ်ရာတွင် ထပ်တူအသုံးပြုခြင်းအယူအဆ (replication logic) ကဲ့သို့ အယူအဆမျိုးစုံကို အသုံးပြုကြသည်။[၇၄]

အမှန်အားဖြင့် ဖြစ်ရပ်အခြေပြုလေ့လာသည့်နည်းလမ်းအား အပြောင်းအလဲမရှိ သင့်လျော်စွာ အသုံးမပြုပါက အင်တာဗျူးမေးမြန်းခြင်းနှင့် လေ့လာစူးစမ်းခြင်းမှ အရင်းခံလာသည့် အချက်အလက်များကို စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်းသည် သုတေသနပညာရှင်၏ ပုဂ္ဂလိက ဘက်လိုက်မှုအား သုတေသန၏ ရလဒ်အပေါ် အကျိုးသက်ရောက်မှု ရှိစေသည်။[၇၅] ထို့ကြောင့် ဖြစ်ရပ်လေ့လာမှုသုတေသန၏ သုတေသနနည်းလမ်းအတွက် ပညာရပ်နယ်ပယ်ဖွံ့ဖြိုးတိုးတက်လာစေရန် Yin နှင့် အခြားပညာရှင်များက အားပေးကြသည်။ အဆိုပါ နည်းလမ်း

[၆၉] See Webley (2016), supra note 24, p. 14.

[၇၀] See Yin, supra note 43, pp. 19-22. See Flyvbjerg, supra note 46, pp. 302, 309-311. See George & Bennett, supra note 47, pp. 22-25.

[၇၁] See Hutchinson, supra note 61, p. 103. See Flyvbjerg, supra note 46. See George & Bennett, supra note 47.

[၇၂] See Yin, supra note 43; Flyvbjerg, supra note 46; George & Bennett, supra note 47; Hutchinson, supra note 61.

[၇၃] See Yin, supra note 43; Flyvbjerg, supra note 46; George & Bennett, supra note 47; Hutchinson, supra note 61.

[၇၄] See Yin, supra note 43, p. 59. စစ်တမ်းကောက်ယူရာတွင် နမူနာရွေးချယ်ခြင်းအယူအဆတွင် လိုအပ်သည့်အချက်ကို Yin က မှတ်ချက်ပြုသည်။ ‘လောကကြီးတစ်ခုလုံးရှိ အရာဝတ္ထုများ သို့မဟုတ် ဖြစ်နိုင်ချေရှိသည့် ဖြေဆိုသူများစာရင်းကို တစ်ခုချင်း အမည်စာရင်းသွင်းခြင်းဖြစ်သည်။ ထို့နောက် စစ်တမ်းကောက်ယူမည့် သီးသန့် ဖြေဆိုသူအုပ်စုငယ်ကို ရွေးချယ်သည့် စာရင်းအင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်သည်။ အမှန်စစ်တမ်းကောက်ယူခဲ့သည့် နမူနာမှ ထွက်ပေါ်လာသည့် အချက်အလက်သည် လောကကြီးတစ်ခုလုံး သို့မဟုတ် အုပ်စုတစ်ခုလုံးကို ကိုယ်စားပြုကြောင်း မှတ်ယူသည်။ ကောက်ချက်ချနိုင်သည့် စာရင်းအင်းပညာဖြင့် ကိုယ်စားပြုမှုသည် အမှန်တကယ်ကျကြောင်း ပြသနိုင်သည့် ယုံကြည်မှုအတိုင်းအတာတစ်ခုကို တည်ဆောက်လေ့ရှိသည်။ တစ်ခုသော ဖြစ်စဉ်၏ ကြိမ်နှုန်း သို့မဟုတ် ပျံ့နှံ့မှုကို သတ်မှတ်ရန်အတွက် လေ့လာသူက ဆန္ဒရှိသော်အခါ လုပ်ထုံးလုပ်နည်းတစ်ခုလုံးကို အများအားဖြင့် အသုံးပြုကြသည်။’ See Flyvbjerg, supra note 46. See George & Bennett, supra note 47.

[၇၅] See Yin, supra note 43, pp. 19-20. See Hutchinson, supra note 61, p. 103. See Flyvbjerg, supra note 46.

 Translation Rights © HRERP

များသည် ဖြစ်ရပ်လေ့လာသည့်သုတေသနပညာရှင်များအား အများစုတွေ့ရှိရသည့် အမှားများကို ရှောင်ရှားနိုင်ရေး ကူညီပေးသည်။ ၎င်းအမှားများမှာ သုတေသနမသပ်ရပ်ခြင်း၊ နည်းစနစ်တကျသုတေသနနည်းလမ်း လုပ်ငန်းစဉ်မှ သွေဖယ်ခြင်း၊ ဝိရောဓိဖြစ်ဖွယ်ရလဒ်များနှင့် အားနည်းသည့် သက်သေများ၊ သုတေသနတွေ့ရှိချက်တွင် ပါဝင်နေသည့် သုတေသနပညာရှင်၏ ပုဂ္ဂလိကဘက်လိုက်မှုများ ဖြစ်သည်။[၇၆] ဖြစ်ရပ်လေ့လာမှုသုတေသန အသုံးပြုခြင်းနှင့် ဆန့်ကျင်ဖီလာဖြစ်သည့် ပုံသေကားကျ အယူအဆများသည် သုတေသနနည်းလမ်းဖွံ့ဖြိုးမှု အားကောင်းစေခြင်းနှင့် နည်းလမ်းဆိုင်ရာ အသေအချာစဉ်းစားခြင်းတို့ကို ခိုင်မာအားကောင်းစေကြောင်း တစ်စုံတစ်ဦးက အချေအတင် ပြောဆိုနိုင်သည်။ ၎င်းအချက်ကို Flyvbjerg နှင့် အခြားပညာရှင်များ၏ ရေးသားချက်များတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။[၇၇]

သဘာဝနှင့် အနီးစပ်ဆုံးလက္ခဏာကြောင့် ဖြစ်ရပ်လေ့လာမှုသုတေသန၏ အခြားတွေ့ရှိရသည့် အားနည်းချက်မှာ စစ်ဆေးသည့် အချက်အလက်များ သို့မဟုတ် ပါဝင်သူများ၏ အပြုအမူအပေါ် သုတေသန ပညာရှင်က ထိန်းချုပ်နိုင်မှု မရှိခြင်းပင် ဖြစ်သည်။[၇၈] ထိုကဲ့သို့ ထိန်းချုပ်မှုမရှိခြင်းသည် အချက်အလက်များအပေါ် ဘက်လိုက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး စစ်တမ်းဖြေကြားသူများက ၎င်းတို့ကိုလေ့လာနေကြောင်း သိရှိနေခြင်းကြောင့် စစ်တမ်းဖြေကြားသူများ၏ အပြုအမူပြောင်းလဲလာနိုင်သည်။[၇၉] ထို့အပြင် အရေအတွက်အများအပြားအတွက် ခြုံငုံကောက်ချက်ချရာတွင် ဖြစ်ရပ်လေ့လာမှုသုတေသန (နှင့် အထူးသဖြင့် ဖြစ်ရပ်တစ်ခုတည်းလေ့လာမှု) သည် အားနည်းသည့်အခြေခံတစ်ခုအဖြစ်သာ ဖန်တီးပေးကြောင်း ပုံသေကားကျ မှတ်ယူထားကြသည်။ တနည်းအားဖြင့် 'စာရင်းအင်းနည်းလမ်းဖြင့် ခြုံငုံကောက်ချက်ချခြင်း' ဟု ခေါ်ဆိုသည်။[၈၀] သို့သော် နှင့် အခြားပညာရှင်များ၏ အဆိုအရ ဖြစ်ရပ်လေ့လာမှုသုတေသနသည် သီအိုရီဆိုင်ရာအဆိုပြုချက်နှင့် သီအိုရီများ၏ 'ခွဲခြမ်းစိတ်ဖြာလေ့လာ၍ ခြုံငုံကောက်ချက်ချခြင်း' အတွက် ခိုင်မာသည့် အခြေခံအဖြစ် ဆောင်ရွက်ပေးသည်။ အထူးသဖြင့် 'မမှန်မကန် လိမ်လည်ပြုလုပ်ခြင်း (falsification)'၊ 'ပြိုင်ဘက် (rival)' သို့မဟုတ် 'စံလွဲနေသည့် (deviant)' ဖြစ်ရပ်များ သို့မဟုတ် 'စည်းမျဉ်းတစ်ခုကို ဆန့်ကျင်တုံ့ပြန်သည့် ဖြစ်ရပ်တစ်ခု (a case that runs counter to a rule)' များအတွက် ခိုင်မာသည့် အခြေခံအဖြစ် ဆောင်ရွက်သည်။[၈၁]

ဖြစ်ရပ်လေ့လာသည့် သုတေသနအခြေခံဖြစ်သည့် မတူညီသည့် အယူအဆကို Flyvbjerg က ရှင်းလင်း ပြသသည်။ 'ဗဟုသုတအား သတ်သတ်မှတ်မှတ် ခြုံငုံကောက်ချက်မချနိုင်ခြင်းသည် နယ်ပယ်တစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွင်းရှိ ပညာဗဟုသုတများကို စုဆောင်းသည့် လုပ်ငန်းစဉ်အတွင်း ထည့်သွင်းခြင်းဟု အဓိပ္ပာယ်မသတ်မှတ်ကြောင်း' အလေးထားခြင်း ဖြစ်သည်။[၈၂] ဖြစ်ရပ်လေ့လာမှုသုတေသနရှိ ခြုံငုံကောက်ချက်ချမှု အယူအဆသည် 'ဗဟုသုတများကို ဖြစ်ရပ်အကြောင်းအရာအဖြစ် ပိုမိုပြုလုပ်နိုင်သည့် အရည်အသွေးအခြေပြု

---

[၇၆] See Yin, supra note 43, pp. 19-20. See Epstein & King, supra note 12, pp. 5-6.

[၇၇] See Flyvbjerg, supra note 46. See Yin, supra note 43. See Stake, supra note 49. See George & Bennett, supra note 47.

[၇၈] See Webley (2016), supra note 24, pp. 4-5.

[၇၉] See Hutchinson, supra note 61, p. 103.

[၈၀]See Yin, supra note 43, p. 21; Flyvbjerg, supra note 46, p. 305; Stake, supra note 49, p. 448; George & Bennett, supra note 47, p. 7.

[၈၁] See Yin, supra note 43; Flyvbjerg, supra note 46; Stake, supra note 49; George & Bennett, supra note 47.

[၈၂] See Flyvbjerg, supra note 46, p. 305.

သုတေသနအများစု၏ သဘာဝနှင့် အတော်ကလေး ဆန့်ကျင်ဘက်’ ဖြစ်နေကြောင်း Timulak က အတည်ပြုသည်။[၈၃] Webley က အဆိုပြုထားသည့် ရိုးစင်းသည့် ခုခံချေပဆွေးနွေးချက်ကို နားလည်သဘောက်ပေါက်ရန် လိုအပ်သည်။ ဖြစ်ရပ်လေ့လာမှုဆိုသည်မှာ ‘ဖြစ်ရပ်တစ်ခုကို အသုံးပြု၍ လောကကြီးတစ်ခုလုံးကို ရှုမြင်သည့် နည်းလမ်းတစ်ခု ထက်စာပါက ဖြစ်ရပ်တစ်ခုအတွင်းရှိ ဖြစ်စဉ်တစ်ခုကို ကိုယ်တိုင်လေ့လာခြင်း’ ပင် ဖြစ်ကြောင်း Webley က ရှင်းပြသည်။[၈၄]

နောက်ဆုံးအနေဖြင့် လက်တွေ့ကျကျကျင့်သုံးခြင်းအပေါ် အခြေခံ၍ ဖြစ်ရပ်လေ့လာမှုသုတေသနနှင့် ဆန့်ကျင်ဘက် ခုခံချေပဆွေးနွေးချက်များအား ပညာရပ်က ဆောင်ကြဉ်းပေးသည်။ အခြားသုတေသနပုံစံများနှင့် ဆန့်ကျင်ဘက်အနေဖြင့် ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် သုတေသနနှင့် အထူးသဖြင့် ဖြစ်ရပ် လေ့လာမှု သုတေသနသည် အချိန်၊ စိတ်ပိုင်းဖြတ်မှုနှင့် ငွေကြေးအရင်းအမြစ်များ ပိုမိုလိုအပ်ကြောင်း စာပေများက အခိုင်အမာ ဆိုသည်။[၈၅] လက်တွေ့မျက်မြင်အခြေပြု သုတေသနတွင် ဖြစ်ရပ်လေ့လာမှုသုတေသနသည် မတူညီသော သုတေသန နည်းလမ်းများ၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်ရန် သိသိသာသာ လိုအပ်သည်။ ထို့အပြင် ဥပဒေသုတေသန ပညာရှင်များအတွက် အချိန်အများစုတွင် အသစ်ဖြစ်ပြီး မသိရှိရသေးသည့် နည်းစနစ်နှင့် ပညာရပ် ဝေါဟာရအသစ် များအား ရင်းနှီးကျွမ်းဝင်မှုရှိစေရန်လည်း လိုအပ်သည်။[၈၆] ဖြစ်ရပ်လေ့လာမှုသုတေသနကို ထောက်ခံသည့် စာပေသာမက ဆန့်ကျင်သည့်စာပေရှိ ခုခံချေပဆွေးနွေးချက်စာရင်းကို ဇယား (၁) တွင် သရုပ်ဖော် ပြသထားသည်[၈၇]-

ဇယား (၁) ဖြစ်ရပ်လေ့လာမှုသုတေသနကို ထောက်ခံသည့် ခုခံချေပဆွေးနွေးချက်နှင့် ဆန့်ကျင်သည့် ခုခံချေပ ဆွေးနွေးချက်များ

| *ဖြစ်ရပ်လေ့လာမှုသုတေသနကို ထောက်ခံသည့် ခုခံချေပဆွေးနွေးချက်* | *ဖြစ်ရပ်လေ့လာမှုသုတေသနကို ဆန့်ကျင်သည့် ခုခံချေပ ဆွေးနွေးချက်* |
|---|---|
| ပြဿနာတစ်ရပ်အား ဖြေရှင်းရန်အတွက် မတူညီသည့် ချဉ်းကပ်မှုများအား နှိုင်းယှဉ်ခြင်းဖြင့် တုံ့ပြန်ချက်များအား အကဲဖြတ်စစ်ဆေးမည့် အခွင့်အရေးများ ရရှိခြင်း။ | သင့်လျော်သည့် နမူနာ၏ ကျိုးကြောင်းညီညွတ်ခိုင်မာမှုနှင့် အရေအတွက်နည်းဖြင့် မျှတစွာသက်သေပြနိုင်မှု မရှိခြင်း (အရေအတွက်အခြေပြုနှင့် အရည်အသွေးအခြေပြု နည်းလမ်းများ ပေါင်းစပ်နည်းဖြင့် အသုံးမပြုပါက)။ |
| သုတေသနပညာရှင်အား အသေးစိတ် အတွင်းကျကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကြည့်မြင်နိုင်ရန် ခွင့်ပြုခြင်း။ | စစ်တမ်းဖြေဆိုသူများသည် ၎င်းတို့အား လေ့လာနေကြောင်း သိရှိရသည့်အတွက် အပြုအမူပြောင်းလဲနိုင်သည့် အန္တရာယ် ဖြစ်နိုင်ချေရှိခြင်း။ |

[၈၃] L. Timulak, ‘Qualitative Meta-analysis’, in U. Flick (ed.), *The Sage Handbook of Qualitative Data Analysis* (2013), p. 492.

[၈၄] See Webley (2016), supra note 24, p. 5.

[၈၅] See Siems, supra note 1, pp. 7-8.

[၈၆] Ibid., pp. 7-8.

[၈၇] See Hutchinson, supra note 61, p. 103. See Flyvbjerg, supra note 46. See George & Bennett, supra note 47. See Yin, supra note 43, pp. 19-22. S.B. Merriam, *Qualitative Research: A Guide to Design and Implementation* (2009), p. 53.

 Translation Rights © HRERP

| *ဖြစ်ရပ်လေ့လာမှုသုတေသနကို ထောက်ခံသည့် ခုခံချေပဆွေးနွေးချက်* | *ဖြစ်ရပ်လေ့လာမှုသုတေသနကို ဆန့်ကျင်သည့် ခုခံချေပ ဆွေးနွေးချက်* |
|---|---|
| တမင်ပြုလုပ်ထားခြင်းမဟုတ်ဘဲ အကြောင်းအရာကို ထည့်သွင်းစဉ်းစားထားသည့် အတွေ့အကြုံအမြင် သဘောထားများကို ရရှိစေခြင်း။ | သုတေသနပညာရှင်များ၏ မျက်လုံးများမှတဆင့် မြင်ရသည့် အခြေအနေကိုသာ ထင်ဟပ်ခြင်းဖြစ်သည် - အကြောင်းအရာထက် ကြည့်မြင်တက်သူသာ ရှုမြင်နိုင်ကြောင်း ပိုမိုထင်ဟပ်ခြင်း (ဘက်လိုက်မှုများကို ကြောက်ရွံ့ခြင်း)။ |
| အမှန်တကယ်အကျိုးသက်ရောက်မှုများကို မှတ်တမ်းယူသည့် အဓိကဖြစ်ရပ်များ သို့မဟုတ် အဓိက ပြောင်းလဲမှုများ မတိုင်ခင် နှင့် ဖြစ်ပွားပြီးနောက် မြင်တွေ့ရသည့် ‘အချိန်တို’ အတွင်း အခြေအနေများနှင့် အထူး သက်ဆိုင်သည့် အကြောင်းအရာအလိုက် အထူးပြုချည်းကပ်မှုကို အားပေးခြင်း။ | စစ်ဆေးမည့် တစ်ခုချင်း သို့မဟုတ် ဖြစ်ရပ်ကို အမှန်တကယ် ရွေးချယ်ရာတွင် သုတေသနပညာရှင်ဘက်လိုက်မှုများ အတွက် လွတ်လပ်မှု ပိုမိုရရှိစေခြင်း။ |
| တသမတ်တည်းမရှိသည့် တုံ့ပြန်ချက်များအား နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေနိုင်ရန် သုတေသနပညာရှင်အား ခွင့်ပြုပေးခြင်း။ | ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်ရှိသည့် ထူးခြားမှု အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြင့် ‘အတွင်းသဘောအမြင်ရှုထောင့်’ အား တင်ပြထားပြီး အခြေအနေအား ပြင်ပမှ လွှမ်းခြုံကြည့်ခြင်းအဖြစ် တင်ပြခြင်း မရှိပေ။ |
| လူမှုရေးနှင့် နိုင်ငံရေးဆက်နွယ်ချက်များ၏ ရှုပ်ထွေးမှုများကို မြင်တွေ့နိုင်ပြီး ၎င်းအချက်များအကြား ဆက်သွယ်ချက်နှင့် အချင်းချင်းအကြား အပြန်အလှန် အကျိုးသက်ရောက်မှုများကို ပိုမိုမြင်သာစေခြင်း။ | ဖြစ်ရပ်လေ့လာမှုကို ထပ်တူပွားရန် မဖြစ်နိုင်ခြင်း၊ အခြေအနေတစ်ခု၏ ဥပမာကိုသာ သုတေသနပညာရှင်က မှတ်တမ်းတင်နိုင်ပြီး နောက်ထပ်သုတေသနကို လိုအပ်ကြောင်း ယူဆနိုင်ခြင်း။ |
| လူ့အရေးအရာ လေ့လလာခြင်းတွင် အားလုံးနှင့်သက်ဆိုင်မှု / အားလုံးပါဝင်မှုကို မတွေ့ရှိနိုင်ဘဲ အကြောင်းအရာအခြေပြု ဗဟုသုတသည်သာ ပို၍ အဖိုးတန်ခြင်း။ | ယေဘုယျအားဖြင့် သီအိုရီမှ ဖြစ်ပေါ်လာသည့် ဗဟုသုတသည် ရှင်းလင်းတိကျသည့် ဖြစ်ရပ်မှ ထွက်ပေါ်လာသည့် ဗဟုသုတထက်ပို၍ အဖိုးတန်ခြင်း။ |
| နည်းလမ်းတကျ ခြုံငုံကောက်ချက်ချခြင်းအား သိပ္ပံပညာရပ်ဖွံ့ဖြိုးမှုအရင်းအမြစ်အဖြစ် အလွန်အကျွံ သတ်မှတ်ပြီး ဥပမာတစ်ခုတည်း၏ အင်အားကို လျှော့၍ တန်ဖိုး တွက်ချက်ခြင်း။ | ဖြစ်ရပ်တစ်ခုတည်းအပေါ် အခြေပြု၍ ခြုံငုံသုံးသပ်မရနိုင်သည့်အတွက် ဖြစ်ရပ်လေ့လာမှုသည် သိပ္ပံပညာရပ် ဖွံ့ဖြိုးမှုကို မဖြည့်ဆည်းနိုင်ခြင်း။ |
| ဖြစ်ရပ်လေ့လာမှုသည် ယူဆချက်များကို ဖော်ထုတ်ခြင်းနှင့် စမ်းသပ်ခြင်းတို့အတွက် အသုံးဝင်သော်လည်း အဆိုပါ ဆောင်ရွက်ချက်များအတွက် ကန့်သတ်ထားခြင်း မရှိပေ။ | သုတေသနလုပ်ငန်းစဉ်တစ်ခုလုံး၏ ကနဦးအဆင့်တွင် ဖြစ်ရပ်လေ့လာမှုသည် အယူအဆများ ဖော်ထုတ်ရန်အတွက် အသုံးအဝင်ဆုံးဖြစ်သော်လည်း အခြားနည်းလမ်းများသည် အယူအဆများကို စမ်းသပ်ခြင်းနှင့် သီအိုရီတည်ဆောက်ခြင်း တို့တွင် ပို၍ သင့်လျော်ခြင်း။ |
| အခြားသုတေသနပုံစံများနှင့်နှိုင်းယှဉ်ပါက တင်ကူးမှန်းဆထားသည့် အယူအဆများကို အတည်ပြုခြင်းအတွက် ဖြစ်ရပ်လေ့လာမှုတွင် ပိုမိုကြီးမားသည့် ဘက်လိုက်မှုများ မရှိခြင်း။ | စိစစ်အတည်ပြုခြင်းအတွက် ဖြစ်ရပ်လေ့လာမှုတွင် ဘက်လိုက်မှုများ ပါဝင်ပြီး ဆိုလိုသည်မှာ သုတေသနပညာရှင်က တင်ကူးမှန်းဆထားသည့် အယူအဆများကို အတည်ပြုလိုစိတ်ရှိခြင်း။ |
| ဖြစ်ရပ်လေ့လာမှုများကို အနှစ်ချုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲသည် လေ့လာသည့် အရှိတရားဂုဏ်သတ္တိများကြောင့် ဖြစ်ပြီး သုတေသနနည်းလမ်းကြောင့် မဟုတ်ခြင်း။ | သီးသန့်ဖြစ်ရပ်လေ့လာမှုများအပေါ် အခြေခံ၍ ခြုံငုံကောက်ချက်ချသည့် အဆိုပြုချက်များနှင့် သီအိုရီများကို အနှစ်ချုပ်ရန်နှင့် ဖွံ့ဖြိုးရန် ခက်ခဲလေ့ရှိခြင်း။ |
| အယူအဆရေးရာမြင့်မားသည့် ကျိုးကြောင်းညီညွတ်ခိုင်လုံမှု ရရှိနိုင်ခြင်း။ | ‘ရွေးချယ်ခြင်းဆိုင်ရာ ဘက်လိုက်မှုများ’ ပုံစံများကို ခံစားနိုင်ချေရှိခြင်း။ |
| အယူအဆသစ်များကို အားပေးမြှင့်တင်ရန်အတွက် ခိုင်မာသည့် လုပ်ထုံးလုပ်နည်းများ ရှိခြင်း။ | ဖြစ်ရပ်လေ့လာမှုများသည် သီအိုရီများ၏ နယ်ပယ်အခြေအနေကို သတ်မှတ်ခြင်းနှင့် သီးသန့်ဖြစ်ရပ်ရှိ ကျိုးကြောင်းခိုင်လုံမှုလိုအပ်ချက် သို့မဟုတ် လုံလောက်မှုဆိုင်ရာ ခုခံချေပချက်များကို ဆန်းစစ်ရာတွင် ဖြစ်ရပ်အများအပြားရှိ အချက် |

| *ဖြစ်ရပ်လေ့လာမှုသုတေသနကို ထောက်ခံသည့် ခုခံချေပဆွေးနွေးချက်* | *ဖြစ်ရပ်လေ့လာမှုသုတေသနကို ဆန့်ကျင်သည့် ခုခံချေပ ဆွေးနွေးချက်* |
|---|---|
| | အလက်များ၏ ကျိုးကြောင်းဆက်နွယ်မှု အကျိုးဆက်များ သို့မဟုတ် ကျိုးကြောင်းဆက်နွယ်မှု အင်အားကို ခြုံငုံ ကောက်ချက်ချခြင်းထက်စာပါက ပိုမိုအားကောင်းခြင်း။ |
| ဖြစ်ရပ်တစ်ခုတည်းအကြောင်းအရာများရှိ ကျိုးကြောင်း ဆက်နွယ်မှုယန္တရားများ၏ အယူအဆရေးရာ အခန်းကဏ္ဍကို အနီးကပ်စစ်ဆေးနိုင်သည့် အသုံးဝင်သည့် နည်းလမ်းများ ဖြစ်ခြင်း။ | ကိုယ်စားပြုမှု မရှိခြင်း - အမျိုးစုံလင်သည့် အုပ်စုများအတွင်း ရှိ တိုက်ရိုက် 'ကိုယ်စားပြု' သည့် ဖြစ်ရပ်များကို ရွေးချယ်ရန် ဖြစ်ရပ်လေ့လာသည့် သုတေသနပညာရှင်များက ဆန္ဒပြင်းပြ ခြင်းမရှိခြင်းကြောင့် ၎င်းတို့၏ တွေ့ရှိချက်များသည် အဆိုပါ အုပ်စုများနှင့် သက်ဆိုင်ကြောင်း အဆိုမပြုသင့်ပေ။ |
| ကျိုးကြောင်းဆက်နွယ်မှုရှုပ်ထွေးနက်နဲမှုကို ဖြေရှင်းရာတွင် စွမ်းဆောင်နိုင်ခြင်း။ | ဖြစ်ရပ်လေ့လာမှုများသည် အချိန်နှင့် စိတ်ပိုင်းဖြတ်မှုပိုမို လိုအပ်ပြီး လုံလောက်သည့် ငွေကြေးအရင်းအမြစ်များ လိုအပ်သည်။ ဖတ်ချင်စဖွယ်မကောင်းသည့် ကျယ်ပြန့်သည့် အချက်အလက်များအဖြစ် ထွက်ပေါ်စေခြင်း။ |

အရည်အသွေးအခြေပြုဖြစ်ရပ်လေ့လာမှုနည်းလမ်းများနှင့် သက်ဆိုင်သည့် ကျိုးကြောင်းညီညွတ် ခိုင်လုံမှုနှင့် စနစ်တကျဆင်ခြင်စဉ်းစားမှု ပြဿနာအချို့သာမက အဆိုပါပြဿနာများကို ရှောင်ရှားနိုင်ရန် စီစဉ်ထားသည့် သုတေသနနည်းလမ်းနှင့် နည်းစနစ်အချို့များကို အခန်းခွဲ (၂.၃) တွင် ဆက်လက်ဆွေးနွေးထားပါသည်။

## ၂.၃ ဖြစ်ရပ်လေ့လာမှုဆိုင်ရာ ကျိုးကြောင်းညီညွတ်ခိုင်မာမှုနှင့် စနစ်တကျ ဆင်ခြင်စဉ်းစားမှု နည်းလမ်း

ကျိုးကြောင်းညီညွတ်ခိုင်မာမှု၊ စနစ်တကျ ဆင်ခြင်စဉ်းစားမှုနှင့် ယုံကြည်အားထားစိတ်ချရမှု တို့အတွက် လေးစား လိုက်နာရမည့် စံနှုန်းများနှင့် လက်လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသနသည် သက်ဆိုင်ကြောင်း အခန်းခွဲ (၂.၁) တွင် အစောပိုင်းကပင် ဖော်ပြပြီးဖြစ်သည်။ ဥပဒေသုတေသနပညာရှင်သည် မည်သည့်အတိုင်းအတာအထိ လက်တွေ့ဘဝရှိ လေ့လာသည့် ဖြစ်ရပ်ကို မှန်မှန်ကန်ကန် ကျိုးကြောင်းညီညွတ်စွာ ထင်ဟပ်နိုင်ကြောင်း ဤစံနှုန်းများက ပြသသည်။ အချက်အလက်များကို စီမံပြုပြင်၍ တိုင်းတာခြင်းအား အခြားသုတေသနပညာရှင်များက မည်သည့်အတိုင်းအတာထိ ပုံတူဆောင်ရွက်နိုင်ကြောင်းကိုလည်း ပြသပြီး ဘက်လိုက်မှုကင်းသည့် ဆင်တူသည့် ရလဒ်များကို ထွက်ပေါ်လာစေနိုင်သည်။ အပြန်အလှန်စစ်ဆေးထားသည့် အချက်အလက်များအား ဖွံ့ဖြိုးစေသည့် နည်းစနစ်ပေါင်းစုံအပေါ်အခြေပြု၍ အချက်အလက်များပြုပြင်မွမ်းမံတိုင်းတာခြင်းအား ဆောင်ရွက်နိုင်သည်။ နည်းစနစ်အများအပြားကြားမှ အထူးသဖြင့် အခန်းခွဲ (၂.၂) တွင် ရှင်းလင်းခဲ့ပြီးဖြစ်သည့် အချက်အလက်များကို သုံးနားညီစနစ်ဖြင့် လေ့လာသည့် နည်းလမ်းအား ဆောင်ရွက်နိုင်သည်။[၈၈]

ထို့အပြင် လက်တွေ့မျက်မြင်အလွန်ဝါဒဆိုင်ရာ စံနမူနာအတွင်းဖြစ်ပေါ်လာသည့် ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုနည်းလမ်း အသုံးပြုခြင်းနှင့် ပတ်သက်၍ အများအားဖြင့် တောင်းဆိုကြသည့် စဉ်းစားမှုများကို အခန်းခွဲ (၂.၂) တွင် သတိပြုမိခဲ့ကြသည်။ ၎င်းသည် သုတေသနပညာရှင်၏ ပုဂ္ဂလိက ဘက်လိုက်မှုများကို ထင်ဟပ်စေသည့် အတိုင်းအတာတစ်ခုအထိ အချက်အလက်များကို ကြိုးကိုင်ချယ်လှယ်၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့နှင့် သက်ဆိုင်သည်။ ကိုယ်တိုင် လေ့လာသင်ယူမှုဝါဒနှင့် အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒ စံနမူနာနှင့် ဆန့်ကျင်ဘက်အနေဖြင့် ဖြစ်ရပ်လေ့လာမှု၏ လက်တွေ့မျက်မြင်အလွန်ဝါဒဆိုင်ရာ စံနမူနာသည် သုတေသန

[၈၈] See Webley (2010), supra note 24, p. 935.

ရလဒ်များ ဖော်ထုတ်ရာတွင် ဓမ္မဓိဋ္ဌာန်ကျကျ ယုံကြည်စိတ်ချရမှုကို ရှာဖွေရန် လိုအပ်သည်။ ထို့ကြောင့် ဤအရည်အသွေးအခြေပြုသုတေသနပုံစံရှိ ဖြစ်ရပ်လေ့လာမှုသုတေသန၏ 'ကျိုးကြောင်းညီညွတ်ခိုင်လုံမှု'နှင့် 'နည်းစနစ်တကျစဉ်းစား၍ – ယုံကြည်စိတ်ချရမှု' ကို ကာကွယ်ပေးရန် သုတေသနပညာရှင်များအား ကူညီပေးရေး အတွက် တူညီသည့် နည်းစနစ်များစွာသည် နည်းလမ်းတကျ ဖွံ့ဖြိုးလာသည်။[၅၉] တည်ဆောက်ခြင်းဆိုင်ရာ ကျိုးကြောင်းညီညွတ်ခိုင်လုံမှု (construct validity)၊ အတွင်းကျိုးကြောင်းညီညွတ်ခိုင်လုံမှု (internal validity) နှင့် ပြင်ပ ကျိုးကြောင်းညီညွတ်ခိုင်လုံမှု (external validity) ဟူ၍ ကျိုးကြောင်းညီညွတ်ခိုင်လုံမှုစံနှုန်း (၃) မျိုးရှိကြောင်း Yin က ခွဲခြားပြသသည်။[၆၀]

တည်ဆောက်ခြင်းဆိုင်ရာ ကျိုးကြောင်းညီညွတ်ခိုင်လုံမှု (construct validity) သည် အချက်အလက် စုဆောင်းခြင်းနှင့် ဖြစ်ရပ်လေ့လာမှုအား ခွဲခြမ်းစိတ်ဖြာရာတွင် ဆောင်ရွက်ရမည့် ကာကွယ်ပေးသည့် လုပ်ငန်းစဉ် ဖြစ်သည်။ ထိုသို့ကာကွယ်ရာတွင် ဖြစ်ရပ်အား ခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် ယုတ္တိအမှားများပါဝင်ခြင်း ရှိမရှိနှင့် လေ့လာမှုသည် ဘက်လိုက်မှုမရှိဘဲ ဖြစ်ပေါ်မှု ရှိမရှိတို့အား အဆုံးအဖြတ်ပေးသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက် သည်။ တည်ဆောက်ခြင်းဆိုင်ရာ ကျိုးကြောင်းညီညွတ်ခိုင်လုံမှုသည် သုတေသနပညာရှင်အတွက် အောက်ပါ မေးခွန်း (၃) ခုကို ဖြေရှင်းရန် လိုအပ်သည်-

(က) သက်သေအရင်းအမြစ်ပေါင်းစုံ အသုံးပြုခြင်း ရှိမရှိ၊ အချင်းချင်းကြား အပြန်အလှန် စစ်ဆေးခြင်းရှိမရှိနှင့် အချင်းချင်း အပြန်အလှန် လိုက်ဖက်ညီမှု ရှိမရှိ ကြည့်ရှုခြင်း (သုံးနားညီစနစ် ကို အသုံးပြုခြင်းဖြင့်)

(ခ) စုဆောင်းထားသည့် အချက်အလက်များအား တင်ပြရာတွင် သက်သေကွင်းဆက်အား တည်ဆောက်ထားခြင်း ရှိ မရှိ နှင့်

(ဂ) အင်တာဗျူးအဓိကဖြေဆိုသူအား ပြန်လည်သုံးသပ်ခြင်းရှိမရှိ၊ အင်တာဗျူးမေးမြန်းထားသည့် အစီရင်ခံစာနှင့် ကုဒ်နံပါတ်ပေးခြင်းတို့ဖြင့် နောက်ပိုင်းတွင် ပြုပြင်စီမံထားသည့် အချက်အလက်များနှင့် ပတ်သက်၍ တုံ့ပြန်ချက် ရှိမရှိ တို့ပင် ဖြစ်သည်။[၆၁]

အချက်အလက်များ လေ့လာစိစစ်နေစဉ်အတွင်း ဖော်ထုတ်ထားသည့် ကောက်ချက်များနှင့် ၎င်းကောက်ချက်များ အကြား ကျိုးကြောင်းဆက်စပ်မှုများသည် မှန်ကန်မှု ရှိမရှိ သတ်မှတ်ဖော်ထုတ်ရန်အတွက် သုတေသနပညာရှင်အား ခွင့်ပြုထားသည့် လုပ်ငန်းစဉ်အဖြစ် အတွင်းကျိုးကြောင်းညီညွတ်ခိုင်လုံမှု (internal validity) အား ရည်ညွှန်း ပါသည်။[၆၂] အတွင်းကျိုးကြောင်းညီညွတ်ခိုင်လုံမှုသည် ဖြစ်ရပ်လေ့လာမှု၏ ရလဒ်သည် ပုံတူပွား အသုံးပြုနိုင်ခြင်း ရှိမရှိ စစ်ဆေးသည့် ပြင်ပကျိုးကြောင်းညီညွတ်ခိုင်လုံမှုနှင့် ကွာခြားပါသည်။ ဖြစ်ရပ်လေ့လာမှု၏ စနစ်တကျ ဆင်ခြင်စဉ်းစားခြင်းနှင့် ယုံကြည်စိတ်ချရခြင်းတို့ကို ကိုယ်တိုင် သရုပ်ဖော်ပြသခြင်းကြောင့် ဤပုံတူပွားခြင်း အယူအဆသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ထိုသို့ သရုပ်ဖော်ရာတွင် ဖြစ်ရပ်လေ့လာမှုတစ်ခုအား အခြားပညာရှင် များက ပုံတူပွားအသုံးပြုပါက တူညီသည့် ရလဒ်ထွက်နိုင်ရန်အတွက် သုတေသနဒီဇိုင်းနှင့် ဖြစ်ရပ်လေ့လာရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းတို့အား သင့်လျော်စွာ ရေးဆွဲထားခြင်း ရှိမရှိအား ထည့်သွင်းစဉ်းစားပါသည်။

[၅၉] Ibid., p. 935.

[၆၀] See Yin, supra note 43, p. 46.

[၆၁] Ibid., p. 47.

[၆၂] Ibid., pp. 47-48.

လက်တွေ့မျက်မြင်အလွန်ဝါဒဆိုင်ရာ (post-positivistic) စံနမူနာအတွင်း ဖြစ်ပေါ်လာသည့် ဖြစ်ရပ်လေ့လာမှု သုတေသန၏ ခိုင်မြဲသည့် အခြေခံမှာ ကျိုးကြောင်းညီညွတ်ခိုင်မာမှုနှင့် ယုံကြည်စိတ်ချရမှုတို့ပင် ဖြစ်ကြောင်း Creswell နှင့် Miller က စဉ်းစားသည်။[၉၃] ဖြစ်ရပ်လေ့လာမှု ဖွံ့ဖြိုးစေရန် အသုံးပြုသည့် အဆင့်များ အားလုံးအတွက် ကျိုးကြောင်းညီညွတ်ခိုင်မာမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို သရုပ်ဖော်ပြသသည့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်းဖြင့် ရရှိနိုင်သည်။ မတူညီသည့် အချက်အလက်အရင်းမြစ်များအကြား သတင်းအချက်အလက်များ တူညီခြင်းနှင့် အများအပြားရှိခြင်းတို့အား ကျိုးကြောင်းညီညွတ်ခိုင်မာမှုက ဖြစ်ပေါ်စေသည် (အချက်အလက်အသစ်များကို စုဆောင်းပြီး ကုဒ်သတ်မှတ်ရန် မလိုခြင်း နှင့်/ သို့မဟုတ် အချက်အလက်အသစ်များကို အများဆုံးဖြစ်နိုင်ချေနှင့် နှိုင်းယှဉ်ရန်မလိုအပ်ခြင်း)။[၉၄] အင်တာဗျူးမေးခြင်းများ၊ စူးစမ်းလေ့လာမှုများနှင့် စာအုပ်စာတမ်းများကဲ့သို့ အချက်အလက်အရင်းမြစ်များ၊ သီအိုရီများနှင့် နည်းလမ်းများအကြား သုံးနားညီစနစ်ဖြင့် လေ့လာခြင်းဖြင့် ဤရလဒ်ကို ရရှိသည်။[၉၅] Patton အား ကိုးကားချက်တွင် Creswell နှင့် Miller က သုံးနားညီစနစ်အား ရှင်းလင်းစွာ တင်ပြထားသည်။ 'တည်ဆောက်မှုများ၊ အခန်းကဏ္ဍများ၊ ရှင်းလင်းတင်ပြချက်များနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းများသည် အဓိပ္ပာယ်ရှိလား မရှိလားဆိုသည်ကို သိမြင်နိုင်ရန်အတွက် အချက်အလက်များကို ထပ်ခါထပ်ခါ အပြန်အလှန် လေ့လာခြင်း'ဟု ရှင်းရှင်းလင်းလင်း ဖွင့်ဆိုထားသည်။[၉၆] 'အဖွဲ့ဝင်များကို စစ်ဆေးခြင်း' ဖြင့် ပြင်ပကျိုးကြောင်းညီညွတ်ခိုင်မာမှုကို Creswell နှင့် Miller တို့က Yin နှင့် တစ်စိတ်တစ်ဝမ်းတည်း စဉ်းစားထားသည်။ အဆိုပါ အဖွဲ့ဝင်များကို စစ်ဆေးခြင်းဆိုသည်မှာ အသုံးပြုသည့်နည်းလမ်း၏ ယုံကြည်စိတ်ချရမှုနှင့် ပုံတူပွားအသုံးပြုနိုင်မှုများသာမက သက်ဆိုင်သည့် ဖြစ်ရပ်လေ့လာမှုရှိ အချက်အလက်များနှင့် ၎င်းတို့အား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ ယုံကြည်လက်ခံနိုင်စွမ်းတို့ကို အင်တာဗျူးဖြေဆိုသူသည် ပြန်လည်ဆန်းစစ်နိုင်သည်။ သုတေသနပညာရှင်သည် ဖြစ်ရပ်လေ့လာမှုသုတေသနလုပ်ငန်းစဉ် တစ်ခုလုံးကို ချရေးပြီး စာရင်းပြုရန် လိုအပ်သည့် ခြေရာခံသည့်နည်းစနစ် အသုံးပြုခြင်းဖြင့် ဤအချက်ကို ဆောင်ရွက်နိုင်သည်။[၉၇]

လေ့လာလျက်ရှိသည့် ဖြစ်ရပ်လေ့လာမှုတွင် ဘက်လိုက်မှုများကို သတ်မှတ်ရန်အတွက် သုတေသနပညာရှင်၏ ရှာဖွေမှုတွင် ကျိုးကြောင်းညီညွတ်ခိုင်မာမှုနှင့် ယုံကြည်စိတ်ချရမှုအား ဗဟိုချက်အဖြစ် Maxwell ကဲ့သို့ အခြားပညာရှင်များက ထားရှိကြသည်။[၉၈] ဘက်လိုက်မှုသည် 'သုတေသနပညာရှင်၏ ဘက်လိုက်မှု' ဖြစ်နိုင်သလို 'တုံ့ပြန်နိုင်စွမ်းအဖြစ် အများအားဖြင့် သိမြင်ကြသည့် လေ့လာလျက်ရှိသော အစုအဖွဲ့ သို့မဟုတ် တစ်ဦးချင်းစီအပေါ် သုတေသနပညာရှင်၏ သက်ရောက်မှု' လည်း ဖြစ်နိုင်သည်။[၉၉] Miles & Huberman ၊ Becker ၊ Kidder နှင့် Guba & Lincoln တို့ကဲ့သို့ ပညာရှင်များအား ကိုးကားလျက် Maxwell က ပုဂ္ဂိုလ်ရေးဆိုင်ရာဘက်လိုက်မှုများကို သတ်မှတ်ဖော်ထုတ်ရန် သုတေသနပညာရှင်များအား ခွင့်ပြုသည့် နည်းစနစ်များကို စာရင်းပြုစုထားသည်။ သုတေသနပညာရှင်က လေ့လာမှုတွင် ပါဝင်ပူးပေါင်းသူများနှင့် စူးစူးစိုက်စိုက် ထပ်ခါထပ်ခါ ရေရှည် ထိတွေ့ဆက်ဆံခြင်း၊ မပြည့်စုံသည့် အချက်အလက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ပြည့်စုံအားကောင်းသည့် အချက်အလက်များ ရယူခြင်း၊

[၉၃] J.W. Creswell & D.L. Miller, 'Determining Validity in Qualitative Inquiry', (2000) 39 *Theory into Practice*, no. 3, p. 125.

[၉၄] P.I. Fusch & L.R. Ness, 'Are we there yet? Data saturation in qualitative research', (2015) 20 *Qualitative Report*, no. 9, p. 1409.

[၉၅] See Creswell & Miller, supra note 93, pp. 126-127.

[၉၆] Ibid., p. 125 citing M.Q. Patton, *Qualitative evaluation methods* (1980), p. 339.

[၉၇] See Creswell & Miller, supra note 93, pp. 127-128.

[၉၈] See Maxwell, supra note 54, p. 243.

[၉၉] Ibid.

ဖြေဆိုသူ၏ ကျိုးကြောင်းညီညွတ်ခိုင်လုံမှုရှိခြင်း၊ ခြားနားသည့် သက်သေနှင့် အကြောင်းအရာမခိုင်လုံသည့် ဖြစ်ရပ်များကို ရှာဖွေခြင်း၊ သုံးနားညီစနစ်၊ မတိကျသည့်တင်ပြချက်များကို တိကျအောင် တွက်ချက်ခြင်း (quasi-statistics)၊ နှင့် နောက်ဆုံးအနေဖြင့် သတင်းအချက်အလက်များ နှိုင်းယှဉ်ခြင်းတို့ ပါဝင်သည်။[၁၀၀] လက်တွေ့မျက်မြင် အခြေပြု ဥပဒေသုတေသနဒီဇိုင်းများ၏ ကျိုးကြောင်းညီညွတ်ခိုင်လုံမှုအတွက် တူညီသည့် စံနှုန်းများကို Leeuw နှင့် Schmeets က သတ်မှတ်ပေးသည်။ ၎င်းတို့မှာ အတွင်းကျိုးကြောင်းညီညွတ်ခိုင်မာမှု (သီအိုရီနှင့် သက်သေအကြား ကျိုးကြောင်း ဆက်စပ်မှုကို လေ့လာဆန်းစစ်ခြင်း)၊ ပြင်ပကျိုးကြောင်းညီညွတ်ခိုင်မာမှု (ရလဒ်သည် ခြုံငုံကောက်ချက် ချနိုင်ခြင်းအတွက် သက်ရောက်မှု ရှိမရှိ လေ့လာဆန်းစစ်ခြင်း)၊ သရုပ်ဖော်ကျိုးကြောင်းညီညွတ်ခိုင်မာမှု (လက်တွေ့ မျက်မြင်လေ့လာမှု အစီရင်ခံတင်ပြရာတွင် အရည်အသွေးကို လေ့လာဆန်းစစ်ခြင်း) တို့ ဖြစ်သည်။ ထို့အပြင် ဘက်လိုက်မှုများအား အတည်ပြုခြင်း သို့မဟုတ် စိစစ်အတည်ပြုခြင်း၊ ယုံကြည်စိတ်ချနိုင်မှု သို့မဟုတ် ယုံကြည်အားထားမှု နှင့် နောက်ဆုံးအနေဖြင့် အတွင်းသဘော ကျိုးကြောင်းညီညွတ်ခိုင်မာမှု သို့မဟုတ် စစ်မှန်မှုတို့လည်း ပါဝင်သည်။[၁၀၁] 'ယုတ္တိရှိသည့် ကျိုးကြောင်းဖော်ပြချက်' သို့မဟုတ် 'တရားဥပဒေနှင့် အညီ' ချည်းကပ်မှုကိုလည်း တင်ပြသည်။ ၎င်းချည်းကပ်မှုသည် သုတေသနပညာရှင်အား သုတေသနမေးခွန်းဖြေဆိုသည့် ရည်ရွယ်ချက်ဖြင့် နောက်ထပ် ဥပဒေအချက်အလက်များကို အသုံးပြုရာတွင် ယုတ္တိရှိရှိ အကျိုးသင့်အကြောင်းသင့် ရှင်းပြနိုင်စေမည် ဖြစ်သည်။[၁၀၂]

# ၃. လက်တွေ့မျက်မြင်အခြေပြု ဥပဒေလေ့လာမှုရှိ ဖြစ်ရပ်လေ့လာမှု သုတေသနနည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်း

## ၃.၁ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအားလေ့လာခြင်း (The Social Enterprise Study)

ဤဆောင်းပါးရေးသားသူက လက်ရှိဆောင်ရွက်လျက်ရှိသည့် လက်တွေ့မျက်မြင်အခြေပြု ဥပဒေလေ့လာမှုတစ်ခုရှိ ဖြစ်ရပ်လေ့လာမှု သုတေသနအသုံးပြုခြင်း၏ အခွင့်အလမ်းများနှင့် အဟန့်အတားများအကြောင်း အခန်း (၃) တွင် ဖော်ပြထားသည်။ ဤဆောင်းပါး၏ ရည်ရွယ်ချက်အတွက် လေ့လာမှုအား 'လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများအား လေ့လာခြင်း (Social Enterprise Study)' ဟု ခေါ်ဆိုသည်။ ဤလေ့လာမှုသည် ဥပဒေပညာရပ်ရှိ မရှာဖွေရသေးသည့် အယူအဆအသစ်များကို စစ်ဆေးသည်။ ဆိုလိုသည်မှာ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအတွက် ရှိနှင့်ပြီး ဖြစ်သည့် ဥပဒေပြဋ္ဌာန်းရာတွင် တွဲဖက်ပါရှိသည့် သီးခြား လက္ခဏာရပ်များသာမက လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းလည်း ဖြစ်သည်။ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းဆိုသည်မှာ လူမှုရေးရာ အကျိုးစီးပွားကိုသာမက ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုပါ ထည့်သွင်းစဉ်းစားထားသည့် စီးပွားရေးလုပ်ငန်း ဖြစ်သည်။[၁၀၃] လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း

[၁၀၀] Ibid., pp. 243-245. See M.B. Miles & A.M. Huberman, *Qualitative Data Analysis: An Expanded Sourcebook* (1994), p. 237. H.S. Becker, *Sociology work: Method and substance* (1970), p. 51. L.H. Kidder, 'Qualitative research and quasi-experimental frameworks', in M.B. Brewer & B.E. Collins (eds.), *Scientific inquiry and the social sciences* (1981), pp. 226-256. E.G. Guba & Y.S. Lincoln, *Fourth generation evaluation* (1989), pp. 238-239.

[၁၀၁] F.L. Leeuw & H. Schmeets, Empirical Legal Research: A Guidance Book for Lawyers, Legislators and Regulators (2016), pp. 120-122, 153.

[၁၀၂] Ibid., p. 227.

[၁၀၃] အဆိုပါစီးပွားရေးလုပ်ငန်းများသည် လက်ရှိတည်ရှိနေသည့် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် အတိုင်းအတာတစ်ခုအထိ ကွဲပြားသည်။ ၎င်းစီးပွားရေးလုပ်ငန်းများသည် လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကို ထည့်သွင်းစဉ်းစားထားသည့် လုပ်ငန်းများဖြစ်သည်။ ၎င်းတို့သည် ခေတ်ပြိုင်လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို စီးပွားရေး လုပ်ဆောင်ချက်များအတွင်း ထည့်သွင်းပြီး စီးပွားရေးပုံစံများကို ချမှတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဗီဇစိတ်ဖြင့် ပေါင်းစပ်ထားခြင်း

နှင့် ပတ်သက်သည့် ဥပမာအများအပြားကို ဥရောပသမဂ္ဂရှိ နိုင်ငံအများအပြားတွင် တွေ့ရှိနိုင်သည်။ ၎င်းဥပမာများ အနက် တစ်ခုမှာ Bratislava မြို့တွင် တည်ရှိသည့် အိမ်ယာမဲ့ချည်း အလုပ်ခန့်ထားသည့် ကော်ဖီဆိုင်တစ်ခုဖြစ်ပြီး အခြားဥပမာမှာ ကာလရှည်ကြာ အလုပ်လက်မဲ့ဖြစ်နေသည့် သက်လတ်ပိုင်းများအား အလုပ်ခန့်ထားသည့် Amsterdam မြို့ရှိ လျှပ်စစ်အငှားလုပ်ငန်း ကုမ္ပဏီ ဖြစ်သည်။[၁၀၄]

လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းသည် အဖွဲ့အစည်းဆိုင်ရာတည်ဆောက်မှုရှိ အဓိက လက္ခဏာရပ်များကို ဖော်ပြသည်။ ၎င်းလက္ခဏာများသည် အကျိုးစီးပွားအတွက် လူ့အဖွဲ့အစည်းဆိုင်ရာ ရည်ရွယ်ချက် (လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ) ကို ရှာဖွေရာတွင် အရေးအကြီးဆုံးဖြစ်ပြီး သက်ဆိုင်သူများအတွက် အားလုံး ပူးပေါင်းပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ ဖြစ်ပေါ်စေသည်။[၁၀၅] ထို့ကြောင့် လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများ အတွက် ပြည်တွင်းဥပဒေ မူဘောင်နှင့်အတူ ရှိနှင့်ပြီးဖြစ်သည့် ဥပဒေပုံစံများအား ဥပရောမသမဂ္ဂအတွင်းရှိ တရားရေးစနစ်များစွာတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ ကြသည်။ အထက်တွင် ဖော်ပြထားပြီးဖြစ်သည့်

ဖြင့် ၎င်းစီးပွားရေးလုပ်ငန်းများကို ထူးခြားသည့်သွင်ပြင်လက္ခဏာကို ဖော်ပြသည်။ ၎င်းတို့၏ ဥပဒေ၊ အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများတွင် အကျိုးအမြတ်အတွက်နှင့် အကျိုးအမြတ်မယူသည့် အစိတ်အပိုင်းများကို ပေါင်းစပ် ထားမှု ပါဝင်သည်။ ဥပမာအားဖြင့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း၏ ထင်ရှားသည့် အင်္ဂါရပ်မှာ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ ရည်မှန်းချက်များကို ရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်သည်။ အကျိုးအမြတ်ရရှိရေးဆောင်ရွက်ချက်များကို အောင်မြင်စေရေး လုပ်ဆောင်ချက်များနှင့် အကျိုးအမြတ်များအား စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သူများထံ ဖြန့်ဝေပေးခြင်းတို့အပေါ် လွှမ်းမိုးသည်။ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းသည် အဓိကလူမှုရေးစိန်ခေါ်မှုများဖြစ်သည့် ဆင်းရဲမွဲတေမှု၊ အားလုံးပါဝင်မှု၊ ခွဲခြားဆက်ဆံမှုနှင့် အသရေဖျက်မှုများကို တုံ့ပြန်ရန်သာမက လူ့အခွင့်အရေးကာကွယ်ပြီး လူ့အဖွဲ့အစည်းကို မြှင့်တင်ခြင်း တို့သည် လူမှုရေးဆိုင်ရာမျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရေးအား လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းက ဦးစားပေးသတ်မှတ် ထားသည်။ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို ပိုမိုမြှင့်တင်နိုင်ကြောင်း ပြသခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားသည်။ တီထွင်ဆန်းသစ်သည့် စီးပွားရေးပုံစံများနှင့် အသင့်ရှိပြီး ဖြစ်သော ဥပဒေပုံစံများကို ချမှတ်ခြင်းဖြင့် သက်ဆိုင်သူများနှင့် တတိယအဖွဲ့အစည်းများအတွက် ပိုမိုပွင့်လင်းထင်သာမြင်သာရှိ၍ ပြည်သူများပူးပေါင်းကာ အားလုံးပါဝင်မှုရှိသည့် လုပ်ငန်းဆောင်ရွက်သည့် နည်းလမ်းကို ဦးတည်စေပါသည်။ See J. Defourny & M. Nyssens, ‘Conceptions of Social Enterprise and Social Entrepreneurship in Europe and the United States: Convergences and Divergences’, (2010) 1 *Journal of Social Entrepreneurship*, no. 1, pp. 33-38. J.A. Kerlin, ‘Social Enterprise in the United States and Europe: Understanding and Learning from the Differences’, (2006) 17 *Voluntas*, no. 3, p. 247. J. Defourny, ‘From third sector to social enterprises’, in C. Borzaga & J. Defourny (eds.), *The Emergence of Social Enterprise* (2001), pp. 1-18. A. Nicholls, ‘Introduction’, in A. Nicholls (ed.), *Social Entrepreneurship: New Models of Sustainable Social Change* (2006), pp. 1-35. B. Huybrechts & A. Nicholls, ‘Social Entrepreneurship: Definitions, Drivers and Challenges’, in C.K. Volkmann et al. (eds.), *Social Entrepreneurship and Social Business: An introduction and discussion with case studies* (2012), pp. 31-48. G. Galera & C. Borzaga, ‘Social Enterprise: An international overview of its conceptual evolution and legal implementation’, (2009) 5 *Social Entrepreneurship Journal*, no. 3, p. 212. J. Austin et al., ‘Social and Commercial Entrepreneurship: Same, Different, or Both?’, (2006) 30 *Entrepreneurship Theory and Practice*, no. 1, pp. 2-3. J.G. Dees, ‘The meaning of “Social Entrepreneurship”’, (1998) Kauffman Foundation and Stanford University: Kansas City and Palo Alto, p. 1.

[၁၀၄] Taxi Electric, available at: <www.taxielectric.nl/>. Café Dobre & Dobré, available at: <www.dobredobre.sk/> (both websites last visited 21 November 2017).

[၁၀၅] A. Argyrou & T. Lambooy, ‘An introduction to tailor-made legislation for social enterprises in Europe: A comparison of legal regimes in Belgium, Greece and UK’, (2017) 12 *International and Comparative Corporate Law Journal*, no. 3, pp. 47-107. European Commission, ‘A map of social enterprises and their eco- systems in Europe (Synthesis Report)’ (2015), available at: <http://ec.europa.eu/social/main.jsp?langId=en&catId=89&newsId=2149> (last visited 20 January 2017).

 Translation Rights © HRERP

၎င်းတို့၏ ထူးခြားသည့် လက္ခဏာရပ်များနှင့် လျော်ကန်သင့်မြတ်အောင် ဆောင်ရွက်ပါသည်။ သို့ရာတွင် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းတိုးတက်အောင် မည်သည့်ဥပဒေအကြောင်းအရာမျှ မိတ်ဆက်ခြင်းမပြုသည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများလည်း ရှိသည်။[၁၀၆]

ရွေးချယ်လေ့လာသည့် တရားရေးစနစ်များရှိ ရှိနှင့်ပြီးဥပဒေပုံစံများသည် လူမှုအကျိုးပြု သက်ဆိုင်သူများအား လုံး ပါဝင်ပူးပေါင်း ဆောင်ရွက်စေရေး ကြိုးစားအားထုတ်ရာတွင် စီးပွားရေးလုပ်ငန်းများအား မည်သည့်အတိုင်းအတာအထိ အထောက်အပံ့ပေးကြောင်းမေးမြန်းသည့် သုတေသနမေးခွန်းအား လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း လေ့လာမှုက စုံစမ်းစစ်ဆေးသည်။ အဆိုပါ သုတေသနမေးခွန်းအပေါ် အခြေပြု၍ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း လေ့လာမှုတွင် ဥပဒေသုတေသနအပိုင်း ပါဝင်ပြီး ၎င်းက လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအတွက် အံဝွင်ဝင်ကျဖြစ်သည့် ဥပဒေများအတွက် စီစဉ်ထားသည့် ဥပဒေပုံစံများနှင့် အုပ်ချုပ်မှုပုံစံများကို စစ်ဆေးခြင်းဖြစ်သည်။[၁၀၇] ရွေးချယ်ထားသည့် တရားရေးစနစ်များဖြစ်သည့် ဂရိ၊ ဗြိတိန်နှင့် ဘယ်လဂျီယံနိုင်ငံများရှိ လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများအတွက် ရှိနှင့်ပြီးဖြစ်သည့် ဥပဒေပုံစံများနှင့် အုပ်ချုပ်မှုပုံစံများကို နှိုင်းယှဉ်ခြင်းလည်း ပါဝင်သည်။[၁၀၈]

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုတွင် အယူအဆအခြေပြုသုတေသနကိုလည်း အသုံးပြုပြီး စစ်ဆေးသည့် လူမှုကျိုးပြုစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းရာတွင် ဥပဒေပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ်ကို အသေးစိတ် ရှင်းလင်းဖော်ပြသည်။ ရွေးချယ်ထားသည့် တရားရေးစနစ်ရှိ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ ဥပဒေပုံစံများနှင့် အုပ်ချုပ်မှုပုံစံများရှိ အဓိကကျသော အခြေခံစည်းမျဉ်းများကိုလည်း အယူအဆအခြေပြု သုတေသနက ညွှန်ပြရှင်းလင်းသည်။[၁၀၉] အသုံးပြုသည့် အရင်းအမြစ်များမှာ ရှိနှင့်ပြီးလူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများဆိုင်ရာ

---

[၁၀၆] Synthesis Report, supra note 105, p. 52, which shows that for example, one of those countries is the Netherlands.

[၁၀၇] See Argyrou & Lambooy, supra note 105.

[၁၀၈] See Argyrou & Lambooy, supra note 105. The legal research extends to a jurisdiction without a tailor-made legal framework for social enterprises, i.e. the Netherlands. See in A. Argyrou et al., 'Legal Forms for Social Enterprises in the Dutch Legal Framework: An Empirical Analysis of Social Entrepreneurs' Attitudes on the Needs of Social Enterprises in the Netherlands', (2017) 12 *International and Comparative Corporate Law Journal*, no. 3, pp. 1-46. R. Helder, *De juridische infrastructuur van de maatschappelijke onderneming* (2013). R. Helder, 'Maatschappelijke onderneming en social enterprise', (2014) *Tijdschrift voor Ondernemingsbestuur*, no. 3, pp. 93-100. R. Helder, 'Van wie is de maatschappelijke onderneming?', (2014) *Maandblad voor Vermogensrecht*, no. 2, pp. 36-42. J.M. de Jongh et al., 'Naar maatschappelijke varianten van de rechtsvormen in Boek 2 BW?', (2010) 140 *Handelingen Nederlandse Juristen Vereniging*, pp. 193-256. T. Lambooy, "Maatschappelijk' Ondernemen: Begripsbepaling en Ontwikkelingen', in B.F. Assink & L. Timmerman (eds.), *De toekomst van het ondernemingsrecht: Het ondernemingsrecht van de toekomst* (2015), pp. 281-315.

[၁၀၉] See Argyrou & Lambooy, supra note 105.

ဥပဒေများရှိ ပြဋ္ဌာန်းချက်များ ဖြစ်သည်။[၁၁၀] နောက်ပိုင်းတွင် နှိုင်းယှဉ်မှုကို အသုံးပြုသည်။[၁၁၁] လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းလေ့လာမှုသည် စည်းမျဉ်းများအကြား တူညီမှုနှင့် ကွဲပြားခြားနားမှုများကို စုံစမ်းရှာဖွေပြီးနောက် လေ့လာသည့် တရားရေးစနစ်အတွင်းရှိ မြောက်များစွာသော ဥပဒေဆိုင်ရာဖြစ်နိုင်ချေများကို သရုပ်ဖော်၍ ရှင်းလင်းပြသသည်။[၁၁၂]

သို့သော် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ ပြည်သူလူထုပူးပေါင်းပါဝင်သည့် အုပ်ချုပ်မှုနှင့် သက်ဆိုင်သော လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းဥပဒေအား မည်သို့ ချင့်ချိန်စဉ်းစားသည်ကို မှန်မှန်ကန်ကန် တည်ဆောက်ရင်း သုတေသနသည် ‘စာအုပ်များရှိ ဥပဒေနှင့် အကောင်အထည်ဖော်သည့် ဥပဒေတို့အကြား’ တည်ရှိနိုင်သည့် ‘ကွာဟချက်’ ကို ထည့်သွင်းစဉ်းစားသည်။[၁၁၃] ဤအခြေအနေပေါ်မူတည်လျက် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း လေ့လာမှုသည် အယူအဆအခြေပြုပေါင်းစပ်သုတေသနအဖြစ်သို့ ချဲ့ထွင်ပါသည်။[၁၁၄]



[၁၁၀] To this end, authoritative legal texts, namely provisions from primary sources, i.e. social entrepreneurship laws are examined and analysed. See the examined Greek laws: Law 4019/2011 on the Social Economy and Social Entrepreneurship 2011, Official Government Gazette A’ 216/30.09.2011 and its latest amendment in Law 4430/2016 concerning Social and Inclusive Economy and Development of its Institutions and Other Provisions, Official Government Gazette A’ 205/31.10.2016 [in Greek: Νόμος 4019/2011 Κοινωνική Οικονομία και Κοινωνική Επιχειρηματικότητα και λοιπές διατάξεις, Φύλλο Εφημερίδας της Κυβερνήσεως A’ 216/30.09.2011; Νόμος 4430/2016 Κοινωνική και Αλληλέγγυα Οικονομία και Ανάπτυξη των Φορέων της και Άλλες Διατάξεις, Φύλλο Εφημερίδας της Κυβερνήσεως A’ 205/31.10.2016]. See the examined UK laws: Companies (Audit, Investigations and Community Enterprise) Act 2004 (c. 27); Community Interest Company Regulations 2005 (SI 2005/1788). See the examined Belgian law: Belgian Companies Code 1999, Arts. 661-669, Book X, Chapter I (BS 06.08.1999) [in Dutch: Wetboek Van Vennootschappen van 7 mei 1999, Art. 661-669, Boek X, Hoofdstuk I (BS 06.08.1999)]. The identified relevant case law was very limited, i.e. only case law from one case was identified in Greece. The case law databases that were used to identify the case law were: Westlaw UK, DSAnet, Jura.be and Juridat available at: <http://legalresearch.westlaw.co.uk/> <http://www.dsanet.gr/1024x768.htm> <http://www.jura.be/Default.aspx> <http://jure.juridat.just.fgov.be/JuridatSearchCombined/?lang=nl>
(all websites last visited 13 November 2017).

[၁၁၁] See Argyrou & Lambooy, supra note 105.

[၁၁၂] Ibid.

[၁၁၃] နှိုင်းယှဉ်လေ့လာခြင်းအား ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖြစ် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည်။ ၎င်းအလုပ်သည် ‘တစ်ဖက်တါင် လူမှုရေးသိပ္ပံပညာနှင့် အခြားတစ်ဖက်တွင်လည်း ဥပဒေလေ့လာမှုများအကြား တည်ရှိပြီး ၎င်းနယ်ပယ်နှစ်ခုစလုံးမှ နည်းလမ်းဆိုင်ရာ လှုံ့ဆော်အားပေးခြင်းကို ဆွဲယူသည်။ J.C. Reitz, ‘How to Do Comparative Law’, (1998) 46 *American Journal of Comparative Law*, no. 4, pp. 628-631. This is also noted by M.M. Siems, *Comparative Law* (2014), p. 8. M. Van Hoecke, ‘Methodology of Comparative Legal Research’, (2015) *Law and Method*, DOI: 10.5553/REM/.000010.

[၁၁၄] A. Argyrou et al., ‘An empirical investigation of supportive legal frameworks for social enterprises in Belgium: A cross-sectoral comparison of case studies for social enterprises from the social housing, finance and energy sector perspective’, in V. Mauerhofer (ed.), *Legal Aspects of Sustainable Development: horizontal and sectorial policy issues* (2016), pp. 151-185 [Argyrou et al. 2016a]. A. Argyrou et al., ‘An understanding how social enterprises can benefit from supportive legal frameworks: a case study report on social entrepreneurial models in Greece’, (2016) 16 *International Journal of Business and Globalisation*, no. 4, pp. 491-511 [Argyrou et al. 2016b]. A. Argyrou et al., ‘Unravelling the participation of stakeholders in the governance models of social enterprises in Greece’

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း လေ့လာမှုရှိ အယူအဆအခြေပြုသုတေသနသည် လူမှုအကျိုးပြု စီးပွားရေး လုပ်ငန်းများ၏ အုပ်ချုပ်မှုရှိ ပတ်သက်သူများ၏ ပါဝင်ပူးပေါင်းမှုကို စစ်ဆေးသည်။ ဆိုလိုသည်မှာ ပြည်သူလူထု ပူးပေါင်းပါဝင်အုပ်ချုပ်မှုပုံစံအား ဖွဲ့စည်းရာတွင် ရှိနှင့်ပြီးစည်းမျဉ်းများက လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများ၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် သက်ဆိုင်သူများအား လက်တွေ့တွင် မည်သို့လွှမ်းမိုးသည်ကို စစ်ဆေးခြင်း ဖြစ်သည်။ ပြည်သူပူးပေါင်းပါဝင်အုပ်ချုပ်မှုအယူအဆအား ဥပဒေဆိုင်ရာလေ့လာဆန်းစစ်ခြင်းဖြင့် ပုံစံမျိုးစုံရှိ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ရှိ ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှုအပေါ် အကြံပြုသည်။

ထို့ကြောင့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းနယ်ပယ်တွင် စုံစမ်းစစ်ဆေးခြင်းကို ဥပဒေပြဋ္ဌာန်းချက်များအား လက်တွေ့အကောင်အထည်ဖော်ခြင်းအပေါ်တွင် လေ့လာသည်။ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းရှိ အုပ်ချုပ်မှုပုံစံ တည်ဆောက်ရာတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်သူများ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းစဉ်များကို ထိန်းကွပ်ခြင်း ဖြစ်သည်။ ရွေးချယ်ထားသည့် တရားရေးစနစ်များရှိ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ အတွက် ရှိနှင့်ပြီး ဥပဒေပုံစံများကို အသုံးပြုသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအပေါ် *လက်တွေ့မျက်မြင် အရည်အသွေးအခြေပြု ဖြစ်ရပ်လေ့လာမှုများ* တိုးတက်စေခြင်းဖြင့် ရရှိနိုင်သည်။[၁၁၅]

# ၃.၂ အရည်အသွေးအခြေပြုဖြစ်ရပ်လေ့လာမှုများ

## ၃.၂.၁ အယူအဆရေးရာမူဘောင်နှင့် သုတေသနဒီဇိုင်း

သုတေသနဒီဇိုင်းနှင့် အယူအဆရေးရာမူဘောင်ကို လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုအတွက် ဖွံ့ဖြိုးအောင် ပြုလုပ်ရမည်။ အယူအဆရေးရာမူဘောင်သည် ယူဆချက်များ၊ အယူအဆခွဲများ၊ စည်းမျဉ်းများနှင့် အခြေခံ သဘောတရားများ၏ သီအိုရီဆိုင်ရာ ဖွဲ့စည်းပုံအပေါ် အချိန်ယူစဉ်းစားသည်။ ၎င်းသီအိုရီဆိုင်ရာ ဖွဲ့စည်းပုံသည် စာပေများနှင့် ဆင်ခြင်တုံတရားကို အသုံးပြုခြင်းဖြင့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ အုပ်ချုပ်မှုတွင် ပတ်သက်သူများ ပူးပေါင်းပါဝင်ခြင်းအပေါ် အားပြုထားသည်။[၁၁၆] လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုရှိ

(2017) 17 *Corporate Governance*, no. 4, pp. 661-677. A. Colenbrander et al., 'Inclusive Governance in Social Enterprises in the Netherlands – A Case Study', (2017) 88 *Annals of Public and Cooperative Economics*, no. 4, pp. 543-566.

[၁၁၅] သုတေသနသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ အုပ်ချုပ်မှုအပေါ် ဥပဒေ၏ အကျိုးသက်ရောက်မှုများကို သတ်မှတ်ခြင်းခွဲခြားခြင်းနှင့် သက်ဆိုင်သည်။ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းတွင် ပြည်သူပူးပေါင်းပါဝင်အုပ်ချုပ်မှုသည် အဓိက လက္ခဏာရပ်ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်သူများသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကို ချမှတ်ရန် ယုံကြည်အပ်နှံထားခြင်း ခံရသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သက်ဆိုင်သူမျိုးစုံတို့၏ မတူညီ များပြားသည့် စိတ်ဝင်စားမှုများအကြား ထိန်းညှိခြင်းနှင့် တဆက်စပ်တည်း ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ရင်း အဆိုပါရည်ရွယ်ချက်များကို ထိန်းသိမ်း ဆောင်ရွက်သွားရမည် ဖြစ်သည်။ ထို့ကြောင့် အောက်ပါတို့ကို စုံစမ်းစစ်ဆေးပါသည် -

(က) ရှုပ်ထွေးခက်ခဲသည့် ရှိနှင့်ပြီးသား လူမှုရေးရာ စွန့်ဦးတီထွင်မှုဆိုင်ရာ စည်းမျဉ်းများနှင့် ဥပဒေပြဋ္ဌာန်းချက်များသာမက အသစ် စည်းမျဉ်းများနှင့် ဥပဒေပြဋ္ဌာန်းချက်များ ကို အကောင်အထည်ဖော်ခြင်း၏ အကျိုးသက်ရောက်မှုနှင့်

(ခ) လူမှုရေးအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ အုပ်ချုပ်မှု၊ လုပ်ဆောင်ချက်နှင့် ဖွဲ့စည်းပုံအပေါ် ၎င်းတို့၏ အကျိုး သက်ရောက်မှုများ။

အုပ်ချုပ်မှုနှင့် သက်ဆိုင်သော စည်းမျဉ်းများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျကျ ဆောင်ရွက်မှုများကို သတ်မှတ် ဖော်ထုတ်ပြီး လူမှုရေးရာစွန့်ဦးတီထွင်သူများက လက်တွေ့ကျကျ မည်သို့ ထိတွေ့ဆောင်ရွက်သည်ကို ရှင်းလင်းပါသည်။

[၁၁၆] More information concerning the conceptual framework underlying the Social Enterprise Study can be found in Argyrou et al. (2016a); (2016b); (2017), supra note 114. See Colenbrander et al., supra note 114.

 Translation Rights © HRERP

ပြည်သူ့ပူးပေါင်းပါဝင်မှုကို လေ့လာစစ်ဆေးခြင်း၏ အခြေခံအယူအဆမှာ ရွေးချယ်ထားသည့် တရားရေးစနစ်များရှိ ဥပဒေမူဘောင်များသည် စည်းမျဉ်းနှင့် ပြဋ္ဌာန်းချက်များပါဝင်ပြီး ၎င်းတို့သည် ဥပဒေပုံစံနှင့် အဖွဲ့အစည်းများ ကိုယ်တိုင်အား ပုံဖော်ခြင်းဟူသည့် အယူအဆပင် ဖြစ်သည်။ ဥပဒေစည်းမျဉ်းများက ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ရှိ ၎င်းတို့၏ အခန်းကဏ္ဍနှင့် ပါဝင်ခွင့်အတိုင်းအတာများကို ဆန္ဒဖော်ထုတ်ကြသည့် သက်ဆိုင်သူများအား အောက်ပါ အခွင့်အရေးများ ရရှိစေရမည်-

(က) ပိုင်ဆိုင်မှုအခွင့်အရေးများ၊

(ခ) ရွေးချယ်တင်မြှောက်ခွင့်နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်များ၊

(ဂ) သတင်းအချက်အလက်ရရှိပိုင်ခွင့်နှင့်

(ဃ) ဆွေးနွေးတိုင်ပင်ခွင့်များ။

အဆိုပါအခွင့်အာဏာများကို သက်ဆိုင်သူများသို့ ဝေပုံကျပိုင်ဆိုင်မှု နှင့်/သို့မဟုတ် အဖွဲ့ဝင်ဖြစ်ခြင်းမှလည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် လည်းကောင်း၊ သတင်းအချက်အလက်နှင့် တိုင်ပင်ဆွေးနွေးခြင်းဖြင့်လည်းကောင်း အပ်နှင်းနိုင်သည်။ အထက်ပါအချက်များအား တရားဝင်စီမံချက်ဖြင့် အကောင်အထည်ဖော်မှသာလျှင် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်သည့် ယန္တရားအဖြစ် နားလည်ကြသည်။ ဆိုလိုသည်မှာ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများတွင် အထက်ပါအချက်များအား ဥပဒေ သို့မဟုတ် တရားဝင်အခြေခံဥပဒေဆိုင်ရာ စာရွက်စာတမ်းများတွင် ထည့်သွင်းရမည် ဖြစ်သည်။ ထို့အပြင် ၎င်းအခွင့်အာဏာများသည် တရားဝင်မဟုတ်သည့် သာမန်ယန္တရားများတွင်လည်း သက်ဆိုင်သူများအား ပုံစံမျိုးစုံဖြင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ လည်းကောင်း၊ ပုံမှန် သို့မဟုတ် သီးခြားနည်းလမ်းဖြင့်လည်းကောင်း ထည့်သွင်းနိုင်သည်။[၁၁၇] ထိုအခါ အုပ်ချုပ်သည့် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် သက်ဆိုင်သူများသည် အတိုင်းအတာတစ်ခုအထိလည်းကောင်း၊ အခန်းကဏ္ဍတစ်ခုအဖြစ်လည်းကောင်း ပူးပေါင်းပါဝင်သည့် အခွင့်အာဏာ ရရှိသည်။ သို့ရာတွင် သက်ဆိုင်သူများ၏ အခန်းကဏ္ဍနှင့် အတိုင်းအတာအား ရှင်းရှင်းလင်းလင်း မသိရပေ။ မတူညီသည့် တရားရေးစနစ်အရ မတူညီသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းတွင် ပါဝင်ခွင့် အတိုင်းအတာ ကွဲပြားနိုင်သည်။[၁၁၈] လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ရှိ သက်ဆိုင်သူများက ပူးပေါင်းပါဝင်မှု၏ အကျိုးသက်ရောက်မှုသည် လေ့လာစစ်ဆေးဆဲ အကြောင်းအရာ တစ်ခုလည်း ဖြစ်သည်။

ဤအယူအဆဆိုင်ရာချဉ်းကပ်မှုကို အသုံးပြုခြင်းဖြင့် ရှိနှင့်ပြီးဖြစ်သော ဥပဒေပြဋ္ဌာန်းချက်များအရ လေးစား လိုက်နာထားသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ ပြည်သူ့ပူးပေါင်းပါဝင်အုပ်ချုပ်မှုဖြစ်စဉ်အား လေ့လာ စစ်ဆေးထားသည်။ အဆိုပါအယူအဆသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများရှိ အရေးအကြီးဆုံး ဖြစ်သည့် အုပ်ချုပ်မှုယန္တရားနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များအား ကျိုးကြောင်းညီညွတ်စွာ စုံစမ်းစစ်ဆေး နိုင်စေမည် ဖြစ်သည်။ ထို့အတူ အဆိုပါလူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းတွင် ပါဝင်လျက်ရှိသည့် ဆုံးဖြတ်ချက်

---

[၁၁၇] See Argyrou et al. (2016a); (2016b); (2017), supra note 114.

[၁၁၈] မတူညီစွာ ဖွဲ့စည်းထားသည့် စီးပွားရေး တည်ဆောက်မှုရှိ မတူညီသည့် တရားရေးစနစ်များတွင် တွေ့မြင်ရသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းမှုနှင့်အုပ်ချုပ်မှုတို့ရှိ ဗီဇစိတ် ကွဲပြားခြားနားမှုများနှင့် သက်ဆိုင်သည့် Whitley ၏ သီအိုရီကို ကြည့်ပါ။ R. Whitley, 'The Institutional Construction of Firms', in G. Morgan et al., *The Oxford Handbook of Comparative Institutional Analysis* (2010), p. 454.

ချမှတ်သူများနှင့် သက်ဆိုင်သူများအကြား ဆက်စပ်မှုကိုလည်း လေ့လာစုံစမ်းနိုင်သည်။ အရေးအကြီးဆုံးမှာ ဖြစ်ရပ်လေ့လာမှုကို မတူညီသည့် တရားရေးစနစ်များရှိ ရှိနှင့်ပြီးသော ဥပဒေပုံစံများအရ လုပ်ကိုင်လျက်ရှိသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများတွင် ပုံတူပွားအသုံးပြုနိုင်ခြင်းပင် ဖြစ်သည်။

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှု၏ သုတေသနဒီဇိုင်းတွင် သုတေသနအယူအဆလည်း ပါဝင်သည်။ သုတေသနမေးခွန်းကို ဖြေဆိုရာတွင် ရှေ့နောက်ညီညွတ်၍ အစပ်အဆက်ရှိရှိ ဖြေဆိုနိုင်သည့် စံနမူနာပြုနည်းလမ်းများနှင့် နည်းစနစ်များအသုံးပြုခြင်းကို ၎င်းဒီဇိုင်းက ပြဋ္ဌာန်းသည်။ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းလေ့လာမှုအတွက် အသုံးပြုသည့် သုတေသနဒီဇိုင်းသည် လေ့လာဆန်းစစ်ရာတွင် စစ်ဆေးမည့် ယူနစ် (၉) ခုကို သတ်မှတ်ပေးသည် – ဆိုလိုသည်မှာ ကွဲပြားခြားနားသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း (၉) ခုဖြစ်ပြီး တစ်ခုချင်းသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအတွက် ရှိနှင့်ပြီးသား ဥပဒေပုံစံများကို အသုံးပြုကြသည်။ ရွေးချယ်ထားသည့် ပထဝီအနေအထား မတူညီသော (၃) နိုင်ငံဖြစ်သည့် ဂရိ၊ ဘယ်လဂျီယံနှင့် ဗြိတိန်နိုင်ငံတို့တွင် အဆိုပါဥပဒေပုံစံများအား တည်ထောင်ထားပြီး ဖြစ်သည်။[၁၁၉] ထို့နောက် တသမတ်တည်းဖြစ်သည့် သုတေသနနည်းစနစ်မူဘောင်ကို ဖြစ်ရပ်လေ့လာမှုဆောင်ရွက်ရာတွင် အသုံးပြုသည်။ ဖြစ်ရပ်များ နှိုင်းယှဉ်လေ့လာ ချဉ်းကပ်မှု (comparative multi-case study approach) ကို ဆောင်ရွက်ပါသည်။ အဆိုပါနှိုင်းယှဉ်လေ့လာရာတွင် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအတွက် ရှိနှင့်ပြီးသား ဥပဒေပုံစံများကို အသုံးပြုထားသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဖြစ်ရပ်လေ့လာမှု (၉) ခု ပါဝင်သည် - ရွေးချယ်ထားသည့် ဂရိ၊ ဗြိတိန်နှင့်ဘယ်လဂျီယံနိုင်ငံတစ်နိုင်ငံစီအတွက် ဖြစ်ရပ်လေ့လာမှု (၃) ခုစီ ပါဝင်ခြင်း ဖြစ်သည်။[၁၂၀] ဖြစ်ရပ်လေ့လာမှုများကို အဓိကအားဖြင့် ဖြစ်ရပ်များစွာလေ့လာမှုပုံစံဖြင့် စတင်ထားပြီး သုတေသနလုပ်ထုံးလုပ်နည်းကို အသုံးချ၍ ပုံတူပွားသည့် အယူအဆကို လိုက်နာဆောင်ရွက်ထားသည်။[၁၂၁] ထူးခြားသည့် သုတေသနနည်းလမ်းနှင့် အယူအဆဆိုင်ရာ လက္ခဏာရပ်များကို ပြသသည့် သီးသန့်ဖြစ်ရပ် (၂) ခု အတွက်သာ ဖြစ်ရပ်တစ်ခုတည်းလေ့လာမှုကို

[၁၁၉] ဥပဒေပုံစံများသည် အောက်ပါအချက်များနှင့် သက်ဆိုင်သည်-

(က) လူမှုရေးရာစီးပွားရေးနှင့် လူမှုရေးရာစွန်းဦးတီထွင်မှု ဥပဒေ ၂၀၁၁ နှင့် ၎င်း၏နောက်ဆက်တွဲ ဖြည့်စွက်ချက် (supra note 110) တွင် ဖော်ပြထားသကဲ့သို့ လူမှုရေးဆိုင်ရာသမဝါယမလုပ်ငန်း၏ ဥပဒေဆိုင်ရာ ကွဲပြားခြားနားချက်များ (Κοινωνική Συνεταιριστική Επιχείρηση – here abbreviated as Koinsep)။ ဥပမာ ပေါင်းစပ်မှုအတွက် Koinsep၊ ကာကွယ်စောင့်ရှောက်မှုအတွက် Koinsep ၊ ထုတ်လုပ်မှုနှင့် ပေါင်းစည်းမှုရည်ရွယ်ချက်များအတွက် Koinsep ။

(ခ) ဗြိတိန်နိုင်ငံကုမ္ပဏီများ (စာရင်းစစ်၊ စုံစမ်းစစ်ဆေးခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာစီးပွားရေးလုပ်ငန်း) အက်ဥပဒေ ၂၀၀၄ နှင့် စည်းမျဉ်းများ ၂၀၀၅ (အတိုကောက်အားဖြင့် CIC) တို့တွင် ဖော်ပြထားသည့် ဥပဒေပုံစံများအပေါ် အခြေခံထားသည့် လူမှုအဖွဲ့အစည်းအကျိုးစီးပွားဆိုင်ရာကုမ္ပဏီ၏ ဥပဒေဆိုင်ရာ ပြောင်းလဲမှုများ။ ဥပမာအားဖြင့် အာမခံချက်ဖြင့် ကန့်သတ်ထားသည့် CIC နှင့် ရှယ်ယာများဖြင့် သတ်မှတ်ထားသည့် CIC နှင့်

(ဂ) ကွဲပြားသည့် ကဏ္ဍများမှ အစပြုလာသည့် လူမှုရေးဆိုင်ရာရည်ရွယ်ချက် (Vennootschap met Sociaal Oogmerk – here abbreviated as VSO) အတွက် ဥပဒေဆိုင်ရာ အမှတ်တံဆိပ်ရှိသည့် ဘယ်လဂျီယံကုမ္ပဏီရှိ ဥပဒေဆိုင်ရာ ကွဲပြားခြားနားမှုများ။ ဥပမာ အိမ်ယာကဏ္ဍရှိ VSO အား အသေးစားငွေရေးကြေးရေးနှင့် ပညာရေးကဏ္ဍရှိ VSO နှင့် နှိုင်းယှဉ်ခြင်း။

See Argyrou et al. (2016); (2016b); (2017), supra note 114 and Colenbrander et al., supra note 114.

[၁၂၀] နှိုင်းယှဉ်သည့် ရည်ရွယ်ချက်များအတွက် နယ်သာလန်နိုင်ငံတွင် ချဲ့ထွင်ဆောင်ရွက်သည့် သုတေသနသည် စူးစမ်းလေ့လာသည့် စစ်တမ်းကောက်ယူမှုတစ်ခုဖြင့် အချက်အလက်များ ကောက်ယူခြင်း ပါဝင်ပြီး ဒတ်ချ်လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဖြစ်ရပ်လေ့လာမှုများပါဝင်သည်။ အဆိုပါဒတ်ချ်လုပ်ငန်းများသည် လူမှုအကျိုးပြု စီးပွားရေး လုပ်ငန်းများအတွက် ရှိနှင့်ပြီးသား ဥပဒေပုံစံကို အသုံးမပြုပေ။ See Argyrou et al., supra note 108 and Colenbrander et al., supra note 114.

[၁၂၁] See Yin, supra note 43, pp. 56-62.

အသုံးပြုထားသည်။ ထို့နောက် ဖြစ်ရပ်များအား ဖြစ်ရပ်အချင်းချင်းကြားနှင့် နိုင်ငံအချင်းချင်းကြား ခြုံငုံနှိုင်းယှဉ်ရာတွင် ဖြစ်ရပ်များစွာလေ့လာမှုပုံစံအား အသုံးပြုသည်။

## ၃.၂.၂ ဖြစ်ရပ်များကို ရွေးချယ်ခြင်း

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုတွင် ဖြစ်ရပ်လေ့လာမှုများအတွက် နမူနာရွေးချယ်ခြင်းသည် ခိုင်မာသည့် ရွေးချယ်ခြင်းဆိုင်ရာ စံနှုန်း (၂) ရပ်အပေါ် မူတည်ထားသည်။ စံနှုန်း (၂) ရပ်စလုံးအား တည်ဆောက်ရာတွင် ပုဂ္ဂလိက လိုလားချက်များအပေါ် အခြေပြုသည့် ဘက်လိုက်သည့်ရွေးချယ်မှုမဖြစ်စေရန် ကာကွယ်ပေးသည်။ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းလေ့လာမှုရှိ ဖြစ်ရပ်ရွေးချယ်ခြင်းသည် ရည်ရွယ်ချက်ရှိရှိ နမူနာရွေးချယ်မှုနှင့် သီအိုရီအခြေပြု နမူနာရွေးချယ်မှု အယူအဆအပေါ် မူတည်သည်။ လူမှုရေးသိပ္ပံပညာရပ်ရှိ ဖြစ်ရပ်များရွေးချယ်ခြင်းဆိုင်ရာ အယူအဆများအကြား ဤအယူအဆ နှစ်ခုကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခြင်း ဖြစ်သည်။[၁၂၂] ရည်ရွယ်ချက်အခြေပြု ရွေးချယ်မှု အယူအဆအရ ရွေးချယ်ထားသည့် ဖြစ်ရပ်များတွင် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများရှိ ဖြစ်ရပ်အချို့ကို ဒိဋ္ဌဓမ္မကျိုးကြောင်းဆင်ခြင်လျက် နည်းဗျူဟာကျကျ ရွေးချယ်ခြင်း ပါဝင်သည်။ ၎င်းဖြစ်ရပ်များတွင် ပြည်သူပူးပေါင်း ပါဝင်အုပ်ချုပ်မှုဆိုင်ရာ အမြင်ရှု့ထောင့်များစွာ ပါဝင်ပြီး လေ့လာမှု၏ ရည်ရွယ်ချက်ကို ကိုက်ညီစေသည့် အတိုင်းအတာအချို့ရှိသည်။ ဆိုလိုသည်မှာ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအတွက် ရှိနှင့်ပြီးဖြစ်သည့် ဥပဒေပုံစံများတွင် သက်ဆိုင်သူများ ပူးပေါင်းပါဝင်ခြင်းကို လေ့လာစစ်ဆေးရန်အတွက် လိုက်ဖက်သည့် ဖြစ်ရပ် ရွေးချယ်ခြင်း ဖြစ်သည်။ ထို့နောက် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများရှိ ဖြစ်ရပ်တစ်ချို့ ရွေးချယ်ရန်အတွက် စံနှုန်းတစ်ခုမှာ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများအတွက် ရှိနှင့်ပြီးသား ဥပဒေပုံစံများ၏ ဥပဒေဆိုင်ရာ ပြောင်းလဲမှုများပါဝင်သည့် စီးပွားရေးလုပ်ငန်းကိုသာ ရွေးချယ်ခြင်းဖြစ်သည်။ ၎င်းလူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း များသည် ဤလေ့လာမှုအတွက် ရွေးချယ်ထားသည့် တရားရေးစနစ်တစ်ခုချင်းစီရှိ မတူညီသည့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းထားသည်။[၁၂၃] ဤရည်ရွယ်ချက်အခြေပြုရွေးချယ်မှု ပုံစံသည် မတူညီသည့် ဖြစ်ရပ်မျိုးစုံကို ရောနှောထားသည့် နမူနာတစ်ခုကို ဖော်ဆောင်ပေးသည်။ ထို့နောက် အယူအဆအခြေပြု ရွေးချယ်မှုအယူအဆကို အသုံးပြုသည်။ ဆိုလိုသည်မှာ နောက်ဆုံးရွေးချယ်ပြီးဖြစ်သည့် နမူနာသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းတွင် သက်ဆိုင်သူများ ပူးပေါင်းပါဝင်ခြင်းကဲ့သို့ သီအိုရီအမြင် ရှု့ထောင့်များစွာ ဖော်ပြပါရှိသည်။ ထို့အပြင် ပြည်သူပူးပေါင်းပါဝင်အုပ်ချုပ်မှုရှိ သက်ဆိုင်သူများက အဖွဲ့ဝင်ဖြစ်ခြင်းကဲ့သို့ လေ့လာသည့် ဖြစ်စဉ်ရှိ သီအိုရီပိုင်းဆိုင်ရာ ပြောင်းလဲမှုများလည်း ပါဝင်သည်။

## ၃.၂.၃ အချက်အလက်ကောက်ယူခြင်းနှင့် ဖြေဆိုသူများ

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုသည် လက်တွေ့အချက်အလက်များကို ကောက်ယူရန်အတွက် တူညီသည့် သုတေသနလုပ်ထုံးလုပ်နည်းများ အသုံးချခြင်း ပါဝင်သည်။ အချက်အလက်များကို အရင်းအမြစ်မျိုးစုံမှ ကောက်ယူ သည်။ ဥပမာအားဖြင့် အချက်အလက်များအား သင့်လျော်သည့် စာအုပ်စာတမ်းများမှ ကောက်ယူခြင်း (စားပွဲအခြေပြု သုတေသန desk research)၊ အဖွဲ့အစည်းများသို့ သွားရောက်၍ စူးစမ်းလေ့လာ ကောက်ယူခြင်း၊ အသေးစိတ် အင်တာဗျူးမေးခြင်း (in-depth interview) နှင့် အလွတ်သဘောမေးခွန်းများဖြင့် အင်တာဗျူးမေးခြင်း (semi-

---

[၁၂၂] လူမှုရေးသိပ္ပံပညာရပ်နယ်ပယ်ရှိ အခြားနမူနာရွေးချယ်မှုဆိုင်ရာ အယူအဆများမှာ – အစွန်းရောက် သို့မဟုတ် စံလွဲသော ဖြစ်ရပ် နမူနာရွေးချယ်ခြင်း၊ ပြင်းထန်သည့် နမူနာရွေးချယ်ခြင်း၊ ကွဲပြားအခြားနားဆုံး နမူနာရွေးချယ်ခြင်း၊ တစ်ထပ်တည်း နမူနာရွေးချယ်ခြင်း၊ အထူးဖြစ်ရပ်နမူနာ ရွေးချယ်ခြင်း၊ နှင်းဘောလုံးနည်း သို့မဟုတ် ကွင်းဆက် နမူနာရွေးချယ်ခြင်း၊ သေချာမှု နှင့် မသေချာမှု နမူနာရွေးချယ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ အလွှာခွဲခြား နမူနာရွေးချယ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ကြုံရာကျပန်း နမူနာရွေးချယ်ခြင်းနှင့် အခြားတို့ ဖြစ်သည်။ See in M.Q. Patton, *Qualitative research & evaluation methods* (2015).

[၁၂၃] See Argyrou et al. (2016a); (2016b); (2017), supra note 114. See Colenbrander et al., supra note 114.

structured interview) တို့မှ ကောက်ယူခြင်းဖြစ်သည်။[၁၂၄] သင့်လျော်သည့် စာအုပ်စာတမ်းများမှ ကောက်ယူခြင်း (စာပွဲအခြေပြု သုတေသန)သည် ဖြစ်ရပ်လေ့လာမှုတိုင်းအတွက် တူညီစွာ ကောက်ယူပြီး လေ့လာစစ်ဆေးသည်။ ၎င်းတို့သည် အဖွဲ့အစည်းများ၏ အခြေခံသက်ဆိုင်သည့် စာအုပ်စာတမ်းများ ဖြစ်ကြပြီး အဖွဲ့အစည်း၏ စာချုပ်တွင် ပါဝင်သော အချက်များ (the articles of association)၊ သဘောတူစာချုပ်မူကြမ်းများ (memoranda)၊ ပြဋ္ဌာန်း ဥပဒေ (statute) နှင့် စည်းကမ်းဥပဒေများ (bye-laws) ပါဝင်သည်။ ဤစာအုပ်စာတမ်းများအားလုံးသည် အဖွဲ့အစည်း တစ်ခုချင်းစီ၏ ဥပဒေပုံစံနှင့် အုပ်ချုပ်မှုပုံစံကို ပြသပါသည်။ အဆိုပါအရင်းအမြစ်များသည် အဖွဲ့အစည်း အတွင်းရှိ ဥပဒေနှင့် အုပ်ချုပ်မှုပုံစံများနှင့် သက်ဆိုင်သည့် အရေးပါသည့် အချက်အလက်များ ပါဝင်သည်။ ၎င်းတို့မှာ အုပ်ချုပ်မှုအလွှာမျိုးစုံ၏ တည်ရှိမှု၊ အုပ်ချုပ်သည့်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ၊ အဖွဲ့အစည်းရှိ အဖွဲ့ဝင်ဖြစ်ခြင်းနှင့် ပိုင်ဆိုင်မှုတို့နှင့် ဆက်စပ်သည့် သက်ဆိုင်သော စည်းမျဉ်းများ၊ ရွေးချယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများ၏ လိုက်နာရမည့် တာဝန်ဝတ္တရားတို့ ဖြစ်သည်။

စစ်ဆေးသည့် အခြားစာအုပ်စာတမ်းများမှာ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းမှ ပြုစုထုတ်ဝေသည့် နှစ်ပတ်လည်ဘဏ္ဍာရေး နှင့်/သို့မဟုတ် လူမှုရေးရာတာဝန်ယူမှု တာဝန်ခံမှုအစီရင်ခံစာများနှင့် အခြားစာအုပ်စာတမ်း များ ဖြစ်ကြသည်။ အဆိုပါ အစီရင်ခံစာ စာအုပ်များတွင် သက်ဆိုင်သူများနှင့် အဖွဲ့အစည်း လည်ပတ်ဆောင်ရွက်ခြင်းရှိ ၎င်းတို့၏ အခန်းကဏ္ဍများ ပါဝင်သည်။ ပုံနှိပ်ထုတ်ဝေသည့် အခြား စာအုပ်စာတမ်းများ၏ ဥပမာများအနေဖြင့် လက်ကမ်းစာစောင်များ၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များပါဝင်သည့် ထုတ်ပြန်ကြေညာချက်များ၊ ဝန်ဆောင်မှု အရည်အသွေးထုတ်ပြန်ချက်များ၊ သက်ဆိုင်သူများအတွက် မူဝါဒ ထုတ်ပြန်ကြေညာချက်များနှင့် လူသားအရင်းအမြစ် ဆိုင်ရာ လက်စွဲစာအုပ်များ ပါဝင်သည်။

ဖြစ်ရပ်လေ့လာမှုတစ်ခုချင်းစီတွင် လေ့လာသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများမှ ဖြေဆိုသူမျိုးစုံနှင့် အင်တာဗျူးမေးမြန်းခြင်း ပါဝင်သည်။ အင်တာဗျူးမေးမြန်းခြင်းများကို စာရေးသူက ဆောင်ရွက်သည်။ သုတေသန အကြီးတန်းပညာရှင်များနှင့် လေ့ကျင့်ထားသည့် သုတေသနအကူများပါဝင်သည့် အဖွဲ့သည် အချက်အလက် ကောက်ယူရာတွင် အခြားနည်းလမ်းဖြင့် ကူညီသူများ နှင့် / သို့မဟုတ် အချက်အလက်ကောက်ယူသည့် အကူများ အနေဖြင့် ဆောင်ရွက်ပါသည်။[၁၂၅] အချက်အလက်ကောက်ယူသူများ ပြောင်းလဲခြင်းဖြင့် တစ်ဦးတည်းက အချက်အလက်များကို ကောက်ယူခြင်းထက် ဘက်လိုက်မှုဖြစ်နိုင်ချေအခွင့်အလမ်းများကို နည်းပါးစေသည်။

လေ့လာသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းရှိ မတူညီသည့် အဖွဲ့အစည်းဆိုင်ရာ အလွှာစုံရှိ ဖြေဆိုသူများ နှင့် ထိတွေ့လုပ်ဆောင်သည့် အလွတ်သဘောမေးခွန်းများဖြင့် အင်တာဗျူးမေးမြန်းခြင်းကို အနည်းဆုံး (၄) ဦး (အဖွဲ့အစည်းအလွှာတစ်ခုစီမှ ဖြေဆိုသူတစ်ဦးနှင့် အနည်းဆုံး အင်တာဗျူးမေးမြန်းခြင်း) မှ အများဆုံး (၁၂) ဦးအထိ မေးမြန်းခဲ့သည်။ ထို့ကြောင့် ပြည်သူပူးပေါင်းပါဝင်အုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် တုံ့ပြန်ချက်များ အများအပြား ရှိနေသည်ကို ရှာဖွေခြင်း ဖြစ်သည်။ ဖြစ်ရပ်လေ့လာမှုတစ်ခုအတွက်  ဖြေဆိုသူများတွင် အနည်းဆုံးအနေဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်-

(က) အဖွဲ့ဝင်/ ရှယ်ယာဝင် တစ်ဦး - ရှယ်ယာများ၏ ပိုင်ဆိုင်မှုနှင့် ကျင့်သုံးသည့် ထိန်းချုပ်မှုများအကြောင်းအား အဖွဲ့ဝင်များ/ ရှယ်ယာဝင်များအား အဓိကထား မေးမြန်းသည်။

[၁၂၄] See Van Aeken, supra note 15, p. 76.

[၁၂၅] အချက်အလက်ကောက်ယူခြင်းအဆင့်တွင် Utrecht တက္ကသိုလ် ဥပဒေသုတေသနမဟာသိပ္ပံတန်းမှ ကျောင်းသားများသာမက Nyenrode စီးပွားရေးတက္ကသိုလ်နှင့် Edinburgh တက္ကသိုလ်တို့မှ အကြီးတန်းသုတေသနပညာရှင်များ ပါဝင်သည်။

(ခ) ဒါရိုက်တာတစ်ဦး - ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ရှိ တည်ဆောက်ပုံ၊ ဖွဲ့စည်းပါဝင်မှုနှင့် လှုပ်ရှား ဆောင်ရွက်မှုများကို အဖွဲ့ဒါရိုက်တာများအား အဓိကထား မေးမြန်းသည်။

(ဂ) အလုပ်သမားတစ်ဦး - ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပူးပေါင်းပါဝင်ရာ၌ မဖြစ်မနေ ပါဝင်ခြင်းနှင့် မိမိဆန္ဒ သဘောထားအရ ပါဝင်ခြင်း၊ ရှယ်ယာများအား ပိုင်ဆိုင်ရရှိခြင်း၊ ဆုံးဖြတ်ချက်ဆိုင်ရာ အချက်အလက်များ လက်လှမ်းမီရရှိမှု၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရရှိမှု စသည့်အကြောင်းများအား အလုပ်သမားများအား အဓိကထား မေးမြန်းသည်။

(ဃ) ပြင်ပသက်ဆိုင်သူတစ်ဦး (ဥပမာ - သွင်းကုန်သမား၊ စားသုံးသူ၊ အဖွဲ့အစည်းကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံသူများ နှင့်/ သို့မဟုတ် ဖောက်သည်များ) - အခြားမေးခွန်းများအနက် ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို လက်လှမ်းမီရရှိမှုနှင့် ဆုံးဖြတ်ချက်ချမှတ် သည့်လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်စသည့် အကြောင်းများအား ပြင်ပသက်ဆိုင်သူများကို နောက်ဆုံးအနေဖြင့် မေးမြန်းပါသည်။

ပြည်သူပါဝင်ပူးပေါင်းအုပ်ချုပ်မှုနှင့် သက်ဆိုင်သူများပူးပေါင်းပါဝင်ခြင်းနှင့် သက်ဆိုင်သော ကျယ်ကျယ်ပြန့်ပြန့် သရုပ်ဖော်ထားသည့် တုံ့ပြန်ချက်များနှင့် လိုရင်းမှ သွေဖီချက်များကို အင်တာဗျူးမေးမြန်းခြင်းဖြင့် ကောက်ယူနိုင် သည်။ အကယ်၍ အချက်အလက်ကောက်ယူသည့် အခြား နည်းစနစ်များ (ဥပမာ အပိတ်မေးခွန်းဖြင့် မေးမြန်း ထားသည့် စစ်တမ်းကောက်ယူမှုများ၊ အဖြေနှစ်မျိုးကွဲသော မေးခွန်းများ သို့မဟုတ် စကေးမေးခွန်းများ) ကို သုတေသနတွင် အသုံးပြုပါက အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်းနှင့် ပတ်သက်သည့် ဖြေဆိုသူများ၏ သရုပ်ဖော်ချက်များနှင့် ထင်ဟပ်ချက်များပါဝင်သည့် ကောက်ယူထားသည့် အတွင်းကျကျ အသေးစိတ် တုံ့ပြန်ချက် များအား မသတ်မှတ်ပေးနိုင်ပေ။ အင်တာဗျူးများမှ ထုတ်နုတ်ထားသည့် အချက်အလက်များကို မှန်ကန်ကြောင်း စစ်ဆေးရန်အတွက် လေ့လာစစ်ဆေးသည့် အဖွဲ့အစည်းများသို့ အလည်သွားခြင်းများမှ ရရှိသည့် စူးစမ်းလေ့လာ တွေ့ရှိချက်များကိုလည်း ကောက်ယူထားသည့် အချက်အလက်များအနေဖြင့် ထည့်သွင်းသည်။ ဥပမာအားဖြင့် အဆိုပါ လေ့လာတွေ့ရှိချက်များသည် အင်တာဗျူးမေးမြန်းသည့် လုပ်ငန်းစဉ်အတွင်း ဖြေဆိုသူများ၏ အပြုအမူများကို ရှင်းလင်းပြသသည်။ ဥပမာ အင်တာဗျူးမေးမြန်းနေစဉ်တွင်း စိုးရိမ်ပူပန်မှု သို့မဟုတ် မလုံခြုံခြင်းကဲ့သို့သော စိတ်ခံစားမှုကို ဖော်ပြသည့်အချက်များ ဖြစ်သည်။ အင်တာဗျူးမှ ရရှိသည့်အချက် အလက်များကို အစီရင်ခံစာ ရေးသားရာတွင် အဆိုပါ လေ့လာတွေ့ရှိချက်များကို ထည့်သွင်းစဉ်းစားသည်။ သို့ရာတွင် အင်တာဗျူးမေးမြန်းစဉ်တွင် ဘက်လိုက်မှုများကို လျှော့ချရန်အတွက် ဖြစ်ရပ်လေ့လာမှုတိုင်းတွင် တူညီသည့်အခြေခံ စစ်တမ်းမေးခွန်းလွှာကို ဖြေဆိုသူ အတန်းအစားတစ်ခုစီအတွက် အသုံးပြုသည်။ ထို့ကြောင့် ဖြစ်ရပ်လေ့လာမှု တစ်ခုစီအတွက် အခြေခံ စစ်တမ်းမေးခွန်းလွှာ (၄) မျိုးကို အသုံးပြုပါသည်။ ထို့အပြင် အင်တာဗျူးမေးမြန်းစဉ်တွင် အင်တာဗျူးဖြေဆိုသူ များသည် ၎င်းတို့၏ တုံ့ပြန်ချက်များအား အတွေးများ၊ ခံစားချက်များနှင့် အတွေ့အကြုံ များအပေါ် အခြေခံ၍ ထင်ဟပ် ဖြေကြားကြသည်။ ဤလေ့လာမှုတွင် ပါဝင်သည့် ဒါရိုက်တာများအား အများဆုံး မေးမြန်းသည့် မေးခွန်းမှာ 'လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းကို မည်သို့ စီမံခန့်ခွဲပါသလဲ?'၊ 'ဆုံးဖြတ်ချက်များ မည်သို့ ချမှတ်ပါသလဲ?' တို့ ဖြစ်သည်။ ဒါရိုက်တာများနှင့် အဖွဲ့ဝင်များ/ ရှယ်ယာဝင်များအတွက် မေးမြန်းသည့် မေးခွန်းများတွင် 'သင်၏ ရှယ်ယာဝင်များသည် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ဆောင်ချက်များတွင် ပါဝင်ပါသလား?'၊ 'မည်သည့်နည်းဖြင့် ပါဝင်သလဲ' နှင့် 'သက်ဆိုင်သူများက ပေးသည့် အချက်အလက်များကို ထည့်သွင်း စဉ်းစားပါသလား' တို့ ပါဝင်သည်။ ရှယ်ယာဝင်များသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ရန် ဆန္ဒရှိ မရှိနှင့် မည်သည့်အတိုင်းအတာအထိ ပါဝင်ရန် ဆန္ဒရှိကြောင်းကို မေးမြန်းကြသည်။ အုပ်ချုပ်မှုဆိုင်ရာ

ဆုံးဖြတ်ချက်များ နှင့်/သို့မဟုတ် ရှယ်ယာများကို ဝေမျှခြင်းနှင့် အဖွဲ့ဝင်လက်ခံခြင်းတို့အား အမြဲထည့်သွင်း စဉ်းစားခြင်း ရှိမရှိတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ အကြိမ်မည်မျှရရှိသည်ကို မေးမြန်းကြသည်။

အင်တာဗျူးမေးမြန်းခြင်းအများစုအား ဖြေဆိုသူ၏ မိခင်ဘာသာစကားဖြစ်သော ဂရိ၊ အင်္ဂလိပ်၊ ဖလန်းမစ်နှင့် ဒတ်ချ်ဘာသာစကားများဖြင့်သာ မေးမြန်းကြသည်။ စစ်တမ်းမေးခွန်းလွှာများနှင့် အင်တာဗျူးမေးမြန်းချက် မှတ်တမ်းတို့အား အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုသည်။ အင်တာဗျူးအဖြေများအားလုံးအား ကျွမ်းကျင်သည့် မှတ်တမ်းတင်သူများဖြင့် အပြည့်အဝ အသံသွင်းထားပြီး အင်တာဗျူးပါ အကြောင်းအရာများအား လုံးစေ့ပတ်စေ့ ပြုစုထားသည့် မှတ်တမ်းများ (verbatim transcriptions) အဖြစ် ဘာသာပြန်ကာ မှတ်တမ်းယူထားသည်။ မပြည့်စုံသည့် အချက်အလက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အကြောင်းအရာ ခိုင်မာပြည့်စုံသည့် အချက်အလက်များ (ဥပမာ အင်တာဗျူးပါအကြောင်းအရာများ လုံးစေ့ပတ်စေ့ပြုစုထားသည့် မှတ်တမ်း) သည် အင်တာဗျူးအချက်အလက်များမှ ခွဲခြမ်းစိတ်ဖြာ ဖော်ပြထားသည့် မှတ်စုတိုများကို ထိန်းသိမ်းထားရှိခြင်းကဲ့သို့ မတူညီသည့် အခြားနည်းလမ်းကို ပိုလိုလားသည်။ လုံးစေ့ပတ်စေ့ပြုစုထားသည့် မှတ်တမ်းများနှင့် အင်တာဗျူးအစီရင်ခံစာများသည် အချက်အလက် ကောက်ယူသူ၏ ပုဂ္ဂလိကဘက်လိုက်မှုများ ပါဝင်ခြင်းကို ခွင့်မပြုထားပေ။ သို့ရာတွင် အင်တာဗျူးပါ အကြောင်းအရာများအား လုံးစေ့ပတ်စေ့ပြုစုထားသည့် မှတ်တမ်းများနှင့် အင်တာဗျူးအစီရင်ခံစာများနှစ်မျိုးစလုံးအား မှန်ကန်ကြောင်းအတည်ပြုရန်နှင့် ပြန်လည်ဆန်းစစ် သုံးသပ်ရန်အတွက် အင်တာဗျူးတွင် ပါဝင်သည့် သက်ဆိုင်သူ များထံ ပေးပို့သည်။ အင်တာဗျူးအစီရင်ခံစာများနှင့် ဖြစ်ရပ်လေ့လာမှု ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်းရှိ အချက်အလက် များကို ကောက်ယူပြီး ခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် ဤနည်းလမ်းသည် ဘက်လိုက်မှုများကို သတ်မှတ်ဖော်ထုတ်ပြီး ခွဲခြားထားရန် အရေးပါသည့် နည်းစနစ်တစ်ခု ဖြစ်သည် (ဆိုလိုသည်မှာ အင်တာဗျူးပါအချက်အလက်များကို မှတ်တမ်းတင်ထားသည့် အကြောင်းအရာများအား ဖြေဆိုသူများက မှန်ကန်ကြောင်း အတည်ပြုခြင်း ဖြစ်သည်)။ ကောက်ယူထားသည့် အချက်အလက်များနှင့် နောက်ဆက်တွဲ အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာ ဆန်းစစ်မှုများကို မှန်ကန်ကြောင်း အတည်ပြုရန်အတွက် 'အဖွဲ့ဝင်များ၏ စစ်ဆေးခြင်း' နည်းစနစ်ကို ထည့်သွင်းစဉ်းစားသည်။ သို့သော် အဆိုပါ နည်းစနစ်သည် အင်တာဗျူးရာတွင် ပါဝင်သူများနှင့် အမြဲမပြတ် ဆက်သွယ်ပြီး ထိတွေ့ဆက်ဆံရန် လိုအပ်သည်။ အင်တာဗျူးရာတွင် ပါဝင်သူများနှင့် ပုံမှတ်ထိတွေ့ဆက်သွယ် ခြင်းသည် လိုအပ်သည့် အလုပ်ဖြစ်သည်။ သို့သော် ၎င်းအလုပ်သည် အချိန်ယူသည့် လုပ်ငန်းစဉ်ဖြစ်ပြီး နေ့စဉ်လူမှုဘဝ အခြေအနေများကြောင့် အမြဲ လုပ်ငန်းအောင်မြင်ရန် မဖြစ်နိုင်ချေ။

ထို့အပြင် အင်တာဗျူးပါအကြောင်းအရာများ လုံးစေ့ပတ်စေ့ပြုစုထားသည့် မှတ်တမ်းများအား ဖြေဆိုသူမှ ပြန်လည်ပြင်ဆင်ချက်သည် အင်တာဗျူးအကြောင်းအရာများကို တရားဝင်ဖြစ်သွားသော်လည်း လျှို့ဝှက်ကိစ္စ၊ သက်ဆိုသူသာ သိရှိခွင့်ရှိသည့် ကိစ္စသို့မဟုတ် အတွင်းရေးကိစ္စအဖြစ် မှတ်ယူထားသည့် အချက်အလက်များ ပျောက်ဆုံးနိုင်ချေ ရှိနိုင်သည်။ အင်တာဗျူးဖြေဆိုရာတွင် ပါဝင်သည့် အမှားများကို ပြင်ဆင်ရန်၊ အကိုးအကားများကို ရှင်းလင်းရန်နှင့် အင်တာဗျူးမှတ်တမ်းပါ အကြောင်းအရာကို မှန်ကန်ကြောင်းအတည်ပြုရန်တို့အတွက် ဖြေဆိုသူ များအား တောင်းဆိုသော်အခါ အချက်အလက်ပျောက်ဆုံးနိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေနှင့် သက်ဆိုင်သည့် ဥပမာတစ်ခုကို လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများလေ့လာမှုမှ ထုတ်နှုတ်ထားသည်။ ဆက်လက်လျှို့ဝှက် ထားသင့်သည့် အစိတ်အပိုင်းများအား ညွှန်ပြရန် ဖြေဆိုသူများအား တောင်းဆိုထားပြီး ၎င်းတို့ ဖြေဆိုထားသည့် မရှင်းလင်းသည့်တုံ့ပြန်ချက်များအား ရှင်းလင်းရန်အတွက်လည်း တောင်းဆိုထားသည်။ သို့မဟုတ် ဖယ်ထုတ်လိုသည့် အချက်များပါဝင်သည့် အပိုင်းများကို ပယ်ဖျက်ရန်အတွက်လည်း ဖြေဆိုသူများအား တောင်းဆိုထားသည်။ ပါဝင်သူများမှ မူရင်းအင်တာဗျူးမှတ်တမ်းတွင် ထည့်သွင်းထားသည့် ရှင်းလင်းချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များနှင့် ပြောင်းလဲသည့်အချက်များများ ပါဝင်သည့် အင်တာဗျူးပါအကြောင်းအရာများအား လုံးစေ့ပတ်စေ့ပြုစုထားသည့်

မှတ်တမ်းများမှ လျှို့ဝှက်အပိုင်းများကို ဖယ်ထုတ်ထားသည်။ သက်ဆိုင်သူများ၏ တုံ့ပြန်ချက်ကို ကောက်ယူပြီး အင်တာဗျူး နောက်ဆုံးဗားရှင်း မှတ်တမ်းများနှင့် အင်တာဗျူးအစီရင်ခံစာများတွင် ထည့်သွင်းထားပါသည်။

ကောက်ယူထားသည့် အချက်အလက်များအား သုံးနားညီစနစ်ဖြင့် လေ့လာဆန်းစစ်ပြီး အင်တာဗျူးတွင် ပါဝင်သူများထံမှ ရရှိသည့် တုံ့ပြန်ချက်များအပေါ် အခြေပြုပြီး မှန်ကန်ကြောင်း အတည်ပြုသည်။ ထို့အပြင် (အင်တာဗျူးများ၊ မေဒ်ကွန်းတင်ထားသည့် အချက်အလက်များနှင့် အင်တာဗျူးသည့် နေရာမှ စူးစမ်းလေ့လာတွေ့ရှိချက်များ စသည့်) မတူညီသည့် ရင်းမြစ်များစွာမှ ကောက်ယူထားသည့် အချက်အလက်များကို အသုံးပြု၍လည်း မှန်ကန်ကြောင်းစစ်ဆေး နိုင်သည်။ အင်တာဗျူးပါ အကြောင်းအရာများအား လုံးစေ့ပတ်စေ့ပြုစုထားသည့် မှတ်တမ်းများကို အသုံးပြုခြင်းသာမက ရင်းမြစ်များစွာအသုံးပြု၍ အချက်အလက်များကို တန်ပြန်စစ်ဆေးခြင်းနှင့် ဖြေဆိုသူများမှ အချက်အလက်များ မှန်ကန်ကြောင်း ကြိမ်ဖန်များစွာ အတည်ပြုခြင်းဖြင့် ကူးယူချက်မှတ်တမ်းပါ ပြောကြားချက် အမှားများကို လျှော့ချနိုင်သည်။ မသင့်လျော်သည့်အချက်အလက်များ ပါဝင်ခြင်း၊ အချက်အလက်များ ရှေ့နောက်မညီညွတ်ခြင်းနှင့် ကောက်ယူထားသည့်အချက်အလက်အတွင်း ကောက်ယူသူ၏ ပုဂ္ဂလိက ဘက်လိုက်မှုများ ပါဝင်ခြင်းကိုလည်း တားဆီးနိုင်သည်။

## ၃.၂.၄. အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်း

အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်းအား အခန်းခွဲ (၂.၂) တွင် ဦးစွာ ဖော်ပြပြီးဖြစ်သည်။ ၎င်းသည် ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြုနည်းလမ်းကို အသုံးပြုခြင်းနှင့်သက်ဆိုင်သည့် Yin ၏ အဓိက ထည့်သွင်း စဉ်းစားချက်များအနက် တစ်ခုဖြစ်ပြီး အချက်အလက်များအားလုံးကို ပြန်လည်ဆန်းစစ်၍ ခွဲခြမ်းစိတ်ဖြာ လေ့လာရန် ခက်ခဲသည့် အလွန်ကြီးမားသည့် အရည်အသွေးအခြေပြု အချက်အလက်များကို ကောက်ယူရာတွင်လည်း ၎င်းအချက်ကို တွေ့ရှိရသည်။[၁၂၆] ထို့အပြင် ကောက်ယူထားသည့် အရည်အသွေးအခြေပြု အချက်အလက်များ၏ ကြီးမားသည့်အတိုင်းအတာကြောင့် ၎င်းတို့အား တစ်ခုလုံးအတွက် အသုံးပြု၍ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုမပြုနိုင်ပေ။ ကြီးမားကျယ်ပြန့်သည့် အရည်အသွေးအခြေပြုအချက်အလက်များသည် သုတေသနပညာရှင်အတွက် ယုံကြည်မှု အားနည်းခြင်း နှင့်/သို့မဟုတ် ခွဲခြမ်းစိတ်ဖြာလေ့လာသည့် အချက်အလက်အပေါ် ထိန်းချုပ်မှု ကင်းမဲ့စေခြင်း ဖြစ်ပေါ်စေသည်။ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုရှိ အရည်အသွေးအခြေပြုဖြစ်ရပ်လေ့လာမှုများအတွက် ကောက်ယူထားသည့် အချက်အလက်အားလုံးသည် အများအားဖြင့် ကျယ်ပြန့်များပြားသော စာသားများ ဖြစ်သည်။ ၎င်းတို့အတွက် ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်မှုသည် လူမှုရေးသိပ္ပံပညာရပ်နှင့် ဖြစ်ရပ်လေ့လာမှုနည်းလမ်းများရှိ အရည်အသွေးအခြေပြုအချက်အလက်များ ခွဲခြမ်းစိတ်ဖြာ လေ့လာမှု နည်းစနစ်ပေါင်းစုံတို့အပေါ် အခြေခံထားသည်။ လေ့လာစစ်ဆေးသည့် ပြဿနာကို တင်ပြခြင်းဖြင့် အချက်အလက်ခွဲခြမ်းစိတ်ဖြာလေ့လာမှုသည် လေ့လာသည့် ဖြစ်ရပ်အား ကျိုးကြောင်းဖော်ပြချက်နှင့် စတင်ထားပြီးနောက် နောက်ခံသမိုင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာသည့် မူဘောင်သတ်မှတ်ခြင်းအား ဆက်လက်ဖော်ပြသည်။[၁၂၇] ဤအဆင့်တွင် လေ့လာမည့် ဖြစ်ရပ်နှင့် ပြဿနာကို ဘောင်သတ်မှတ်သည့် နောက်ခံ အကြောင်းခြင်းရာနှင့် အချက်အလက်များအား ဖြစ်ရပ်၏ အကြောင်းအရာအတွက် တင်ပြပါသည်။ လေ့လာမည့် ပြဿနာ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် လိုအပ်သော အဖြစ်မှန် အချက်အလက်များအကြောင်း မိတ်ဆက်တင်ပြသည့် နိဒါန်းတွင် ဤအကြောင်းအရာကို ထည့်သွင်းထားပါသည်။ အဆိုပါနိဒါန်းတွင် သက်ဆိုင်သည့် အချက်အလက်များဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံ၊ အရွယ်အစားနှင့်/ သို့မဟုတ် စီးပွားရေး လုပ်ဆောင်ချက်များ ပါဝင်သည်။

[၁၂၆] See Yin, supra note 43, p. 21.

[၁၂၇] B.F. Crabtree & W.L. Miller, *Doing Qualitative Research* (1999), pp. 131-132.

Translation Rights © HRERP

ကုဒ်မသွင်းခင်နှင့် ကုဒ်သွင်းပြီးနောက် အချက်အလက်များကို အမျိုးအစားခွဲပြီး အတန်းအစား သတ်မှတ်ရန်အတွက် နည်းစနစ်မျိုးစုံကို အသုံးပြုသည်။ ဥပမာအားဖြင့် သတင်းအချက်အလက်များအား အစုများနှင့် အခြေအနေအစုအဖွဲ့များအဖြစ် ခွဲခြားပေးခြင်း နှင့်/ သို့မဟုတ် အဓိက တွေ့မြင်ရသည့် ကုဒ်များ၊ တုံ့ပြန်ချက်များနှင့် ဖြစ်ရပ်များအား သီးခြားအမည်သတ်မှတ်ခြင်းတို့ကို အသုံးပြုသည်။[၁၂၈] အချက်အလက် ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုကို စီမံဖွဲ့စည်းရာတွင် သတ်မှတ်ထားသည့် သက်ဆိုင်သူများ ပူးပေါင်းပါဝင်သော ယန္တရားများရှိ ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်မှုနှင့် အတန်းအစားသတ်မှတ်ခြင်းများကို ထည့်သွင်းစဉ်းစားရန်အတွက် အခြေအနေ အထူးအစုအဖွဲ့ တစ်ခုကို ဖြစ်ပေါ်စေသည်။ လေ့လာသည့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းတစ်ခုစီ၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် အသုံးပြုသည့် သက်ဆိုင်သူများ ပူးပေါင်းပါဝင်သည့် ယန္တရားများကို သတ်မှတ်ခြင်းသည် ဖွံ့ဖြိုးတိုးတက်စေသည့် အခြေအနေအစုအဖွဲ့တွင် ပါဝင်သည် (ဇယား ၂ ကို ကြည့်ပါ)။

ဇယား (၂) သက်ဆိုင်သူများပူးပေါင်းပါဝင်မှုယန္တရားများ၏ အခြေအနေအစုအဖွဲ့များအား ဥပမာ (X) များနှင့် တင်ပြချက်

| | တရားဝင် | သာမန် | ဖွဲ့စည်းတည်ဆောက်မှုနှင့်ဆိုင်သော | ဖွဲ့စည်းတည်ဆောက်မှုနှင့်မဆိုင်သော | တိုက်ရိုက် | သွယ်ဝိုက် |
|---|---|---|---|---|---|---|
| [သက်ဆိုင်သူများပါဝင်သည့်ယန္တရား ၁] | X | | X | | | X |
| [သက်ဆိုင်သူများပါဝင်သည့်ယန္တရား ၂] | | X | | X | X | |
| [သက်ဆိုင်သူများပါဝင်သည့်ယန္တရား ၃] | | X | X | | X | |

ထို့နောက် အချက်အလက် ပုံစံစာရွက်အပေါ် အခြေပြု၍ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုသည် အချက်အလက်များကို အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းနှင့် ကုဒ်သတ်မှတ်ခြင်းတို့ကို အသုံးပြုသည်။ ကုဒ်သတ်မှတ်ခြင်း (သို့မဟုတ် မပြောင်းလဲသည့် နှိုင်းယှဉ်မှုနည်းလမ်း) သည် ကောက်ယူထားသည့် အချက်အလက်များအား စာသားကုဒ်များအပေါ် အခြေခံ၍ အမျိုးအစားခွဲခြားခြင်းနှင့် အတန်းအစားသတ်မှတ်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အချက်အလက် အစိတ်အပိုင်းတစ်ခုအတွက် သင်္ကေတပြုကာ အနှစ်ချုပ်ထားသည့် အနက်အဓိပ္ပာယ်ကို ဖော်ဆောင်ပေးသည့် အသုံးအနှုန်းအတိုကောက် သို့မဟုတ် စကားစု ဖြစ်သည်။ ပြည့်စုံ၍ ပိုမိုကျယ်ပြန့်သည့် မှတ်တမ်းတင်ထားသည့် အချက်အလက်များကို ကုဒ်သတ်မှတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းသည် စိတ်ရှည်မှုနှင့် စိတ်ပိုင်းဖြတ်မှုလိုအပ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး အချက်အလက်များကို စီမံပြုပြင်သည့် ပုံစံများအတွက် ဖန်တီးထားသည့် အထူးဆော့ဝဲလ်များနှင့် အတိုင်းအတာတစ်ခုအထိ ရင်းနှီးမှုရှိနေရန် လိုအပ်သည်။

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုတွင် ကုဒ်သတ်မှတ်ခြင်းအား စာရေးသူနှင့် အခြားလေ့ကျင့်ထားသည့် သုတေသနလက်ထောက်များ၊ အခြားသော ကုဒ်သတ်မှတ်သူများအဖြစ် ဆောင်ရွက်သည့် အကြီးတန်းသုတေသန ပညာရှင်များ အဖွဲ့တို့က ကွန်ပျူတာအကူအညီဖြင့် ဆောင်ရွက်သည့် နည်းလမ်းဖြစ်သော Atlas t.i ဆော့ဝဲလ်အား အသုံးပြုခြင်းဖြင့် ဆောင်ရွက်သည်။[၁၂၉] နောက်ပိုင်းတွင် ဥပဒေခွဲခြမ်းစိတ်ဖြာ လေ့လာမှုမှ ကြိုတင်ရွေးချယ်ထားသည့် (ကျိုးကြောင်းဆင်ခြင်ဖော်ပြသည့်) ကုဒ်များပါဝင်သည့် ပုံစံစာရွက်အား ကုဒ်သတ်မှတ်သည့်

[၁၂၈] See Miles & Huberman, supra note 100, pp. 71-72.

[၁၂၉] အချက်အလက်ကောက်ယူခြင်းအဆင့်တွင် Utrecht တက္ကသိုလ် ဥပဒေသုတေသနမဟာသိပ္ပံတန်းမှ ကျောင်းသားများသာမက Nyenrode စီးပွားရေးတက္ကသိုလ်မှ အကြီးတန်းသုတေသနပညာရှင်များ ပါဝင်သည်။

လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အသုံးပြုသည်။[၁၃၀] *ခေတ်စားသည့်* ကုဒ်များအား ဖွံ့ဖြိုးစေသည် – အဆိုပါကုဒ်များအား အင်တာဗျူးအချက်အလက်များမှ ထုတ်နုတ်ယူထားသည့် မှတ်တမ်းမှ ပေါ်ထွက်လာသည်။ ထို့နောက် အဆိုပါကုဒ်များကို ကြိုတင်ရွေးချယ်ထားသည့် ကုဒ်များပါဝင်သည့် ပုံစံစာရွက်များနှင့် ကိုက်ညီအောင် မွမ်းမံထားသည်။

တူညီသည့် ထုတ်လုပ်မှုလုပ်ငန်းများတလျှောက် ပုံစံစာရွက်ပြုစုသည့် နည်းစနစ်အား အသုံးပြုပြီး ၎င်းနည်းစနစ်သည် လက်တွေ့ဘဝအယူအဆများ (ကုဒ်များ) ဖြင့် ဥပဒေအား ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်းမှ ဆင်ခြင်တွက်ဆ၍ ထွက်ပေါ်လာသည့် အရင်တည်ရှိပြီး အချက်အလက်များ (ကုဒ်များ) အား အမြဲမပြတ် နှိုင်းယှဉ်ခြင်းဖြစ်သည်။ ဤနည်းဖြင့် ဆောင်ရွက်ခြင်းဖြင့် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ နယ်ပယ်မှ သီအိုရီဆိုင်ရာ အဆိုပြုချက်များနှင့် ကိုက်ညီအောင် သတ်မှတ်နိုင်သည်။[၁၃၁] ရလဒ်အား စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီး အဓိပ္ပာယ်ပြည့်ဝသည့် ပုံစံများအတွင်း ထည့်သွင်းပေါင်းစပ်သည်။ နောက်ဆုံးတွင် ရလဒ်အား အဓိကဆိုလိုရင်းများအဖြစ် ခွဲခြားလိုက်သည်။[၁၃၂]

အချက်အလက်များခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် သုံးနားညီစနစ်ကို အသုံးပြုခြင်းသည် ချည်းကပ်မှုများနှင့် အမြင်ရှုထောင့်များ၏ များပြားမှုကို ဖြစ်ပေါ်စေပြီး လေ့လာဆန်းစစ်ထားသည့် သတင်းအချက်အလက်များ တင်းကျမ်းပြည့်နှက်ခြင်းတို့ကိုလည်း ဖြစ်ပေါ်စေသည်။ အချက်အလက်များကို စမ်းသပ်ပြီး အယူအဆများကို ဖော်ထုတ်နိုင်ရန် ခွဲခြမ်းစိတ်ဖြာလေ့လာသည့် နောက်တစ်ဆင့်တွင် အချက်အလက်များ ခွဲခြမ်းစိတ်ဖြာ လေ့လာ ဆန်းစစ်မှုသည် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ သီအိုရီ အဆိုပြုချက်များနှင့် ဆက်စပ်သည်။ ၎င်းအဆိုပြုချက် များသည် ဖြစ်ရပ်လေ့လာမှုဖြစ်ပေါ်လာစေရန် ကနဦးအနေဖြင့် ဦးဆောင်မှုပေးသည်။ ပုံစံနှင့် အဓိက ဆိုလိုရင်း များတွင် သတ်မှတ်ထားသည့် သက်သေနှင့် အဆိုပါ သီအိုရီအဆိုပြုချက်များကို ချိတ်ဆက်ခြင်းဖြင့် သီအိုရီများအား အထောက်အထားဖြင့် ခိုင်ခိုင်လုံလုံ တင်ပြပြီးနောက် ထပ်မံ တိုးတက်ကောင်းမွန်လာစေသည်။[၁၃၃]

## ၃.၂.၅ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှုရှိ ဖြစ်ရပ်လေ့လာမှုသုတေသန၏ ရလဒ်

ကောင်းစွာဖွံ့ဖြိုးပြီးဖြစ်သည့် ဖြစ်ရပ်လေ့လာမှုများတွင် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ ပြည်သူပူးပေါင်းပါဝင်အုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် နှိုင်းယှဉ်မှုများအား ပြုလုပ်ပြီး သီအိုရီဆိုင်ရာ အဆိုပြုချက်များအား စစ်ဆေးသည်။[၁၃၄] လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းလေ့လာမှု၏ အပိုင်းတစ်ခုဖြစ်သည့် ဖြစ်ရပ်လေ့လာမှု သုတေသနသည် ပြည်သူပူးပေါင်းပါဝင်အုပ်ချုပ်မှုနှင့် ၎င်းကို အကောင်အထည်ဖော်ခြင်းအား အနီးကပ်စစ်ဆေးနိုင်မည့် အခွင့်အလမ်းဆောင်ကြဉ်းပေးသည်။ ဆိုလိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်းဖြင့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်တွင် မည်သို့ အကောင်အထည်ဖော်ကြောင်းကို အနီးကပ် စစ်ဆေးခြင်း ဖြစ်သည်။ သုတေသနသည် တစ်ခုလုံးအနေဖြင့် မည်သည့်အတိုင်းအတာ၊ မည်သည့်ပုံစံနှင့် မည်သူများက ပူပေါင်းပါဝင်ခြင်းသည် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ အဓိကနှင့် တရားဝင် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို အမှန်

[၁၃၀] See Yin, supra note 43, pp. 134-135. J. Saldana, *The coding manual for qualitative researchers* (2009), pp. 45-50. See indicatively how these techniques are implemented in Argyrou et al. (2016); (2016b); (2017), supra note 114. See Colenbrander et al., supra note 114.

[၁၃၁] N. King, 'Using templates in the thematic analysis of text', in C. Cassell & G. Symon (eds.), *Essential guide to qualitative methods in organizational research* (2004), p. 427. See Crabtree & Miller, supra note 127, p. 167.

[၁၃၂] See Crabtree & Miller, supra note 127, pp. 128-129.

[၁၃၃] Ibid., pp. 130-131. See Mason, supra note 53, pp. 137-138.

[၁၃၄] See Mason, supra note 53, pp. 93-94.

အကောင်အထည်ဖော်စေသလဲဆိုသည်ကို သုတေသနက ညွှန်ပြခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံများတွင် ပူးပေါင်းပါဝင်ခြင်း၊ အုပ်ချုပ်မှုအဖွဲ့များအား မဲပေးရွေးချယ်ခြင်း သို့မဟုတ် ထိန်းချုပ်ကွပ်ကဲခြင်းတို့ ဖြစ်သည်။ တရားဝင် ပူးပေါင်းပါဝင်ခြင်းအပြင် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ အဖွဲ့အစည်းဆိုင်ရာလုပ်ဆောင်မှုများတွင် ဥပဒေစည်းမျဉ်းများဖြင့်မဟုတ်သည့် ပူးပေါင်းပါဝင်သည့်နည်းလမ်းများအတွက် ပုံစံများနှင့် ကျိုးကြောင်းဖော်ပြချက်များကိုလည်း ဖြစ်ရပ်လေ့လာမှုက သတ်မှတ်ဖော်ထုတ်သည်။ ၎င်းနည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရခြင်းမှာ ဆုံးဖြတ်ချက်များနှင့် ပတ်သက်သည့် သက်ဆိုင်သူများအတွက် တုံ့ပြန်ချက်၊ အကြံဉာဏ်နှင့် တိုင်ပင်ဆွေးနွေးမှုကို ပုံစံမျိုးစုံဖြင့် တောင်းခံရန် ဖြစ်သည်။ ပြည်သူပါဝင်ပူးပေါင်းအုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် ဥပဒေလိုအပ်ချက်များကို အကောင်အထည်ဖော်ရာတွင် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် သက်ဆိုင်သူမျိုးစုံတို့က အသုံးပြုသည့် အနက်အဓိပ္ပာယ်များနှင့် မတူညီသည့် ချဉ်းကပ်မှုများအပေါ် အလေးထား ဖော်ပြသည်။ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် သက်ဆိုင်သူများနှစ်မျိုးစလုံးအတွက် တွန်းအားနှင့် စေ့ဆော်မှုများကိုလည်း ဖော်ပြရှင်းလင်းသည်။ ထို့အပြင် လက်တွေ့အကောင်အထည်ဖော်သည့်အခါ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများတွင် ပါဝင်သူများ (ဆိုလိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် သက်ဆိုင်သူများ) နှင့် အဖွဲ့အစည်းတည်ဆောက်မှုများကို အကျိုးသက်ရောက်စေသည့် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို အတွင်းကျကျ စုံစမ်းစစ်ဆေးသည့်နည်းလမ်းကို ဖြစ်ရပ်လေ့လာမှုများက ဖြစ်ပေါ်စေသည်။[၁၃၅]

## ၄. သုံးသပ်ချက်များ

ပညာရပ်ဆိုင်ရာနည်းလမ်းပေါင်းစုံပါဝင်သည့် လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသန စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြု သုတေသနနည်းလမ်းအား အသုံးပြုသည်။ ကျိုးကြောင်းညီညွတ်ခိုင်လုံသည့် သုတေသနမေးခွန်းအပေါ် အခြေခံထားသည့် ဥပဒေသုတေသနအတွက် အဆိုပါစီမံကိန်းက လိုက်ဖက်သည့် အထောက်အပံ့ပေးပါသည်။ သို့ရာတွင် ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြု သုတေသနနည်းလမ်းအသုံးပြုခြင်းအား ပညာရှင်များက ကျယ်ကျယ်ပြန့်ပြန့် အချေအတင် ဆွေးနွေးငြင်းခုံကြပါသည်။ ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြု သုတေသနနည်းလမ်းအသုံးပြုခြင်းအား ထောက်ခံအားပေးသူများ သို့မဟုတ် ဆန့်ကျင်သူများအကြား ဆွေးနွေးငြင်းခုံများအများအပြားကို ဖြစ်ပေါ်စေသည်။ ဆွေးနွေးငြင်းခုံမှုသည် ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြုသုတေသနနည်းလမ်းအား ကောင်းမွန်လာစေပြီး ပိုမို ကျိုးကြောင်းညီညွတ်ခိုင်မာသည့် နည်းလမ်းများကို အသေအချာစဉ်းစားအသုံးပြုနိုင်မည့် နည်းလမ်းနှင့် နည်းစနစ်များစွာ ပေါ်ပေါက်လာစေသည်။ ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြုသုတေသနနည်းလမ်း အသုံးပြုခြင်းနှင့် ဆက်စပ်သည့် တွေ့ကြုံရသည့် အားသာချက်နှင့် အားနည်းချက်များကို အသားပေးဖော်ပြရင်း အဆိုပါ သုတေသနနည်းလမ်းကို အသုံးပြုရန် ဆန္ဒရှိသည့် မည်သည့်ဥပဒေသုတေသနပညာရှင်မဆို နည်းလမ်းနှင့် ပတ်သက်သည့် အကန့်အသတ်များကိုသာမက အခွင့်အလမ်းများကိုပါ သိမြင်နားလည်ရန် လိုအပ်သည်။ ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြု သုတေသနနည်းလမ်း၏ မတူညီသည့် သိမြင်မှုဒဿနနှင့် နည်းလမ်းဆိုင်ရာ အခန်းကဏ္ဍများကို နားလည်သဘောပေါက်ခြင်းသည် ဥပဒေသုတေသနပညာရှင်အတွက် ကြိုတင်လိုအပ်ချက် တစ်ခု ဖြစ်သည်။ လက်တွေ့မျက်မြင်အချက်အလက်များကို အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်းနှင့် နားလည်သဘောပေါက်ခြင်း အတွက် သင်တန်းသည် မရှိမဖြစ် လိုအပ်သည်။ အရည်အသွေးခြေပြုဖြစ်ရပ်လေ့လာမှုများကို အသုံးပြုခြင်းအား သရုပ်ဖော်ပြသခြင်းဖြင့် လိုက်နာရန်လိုအပ်သည့် ရှိနှင့်ပြီးဖြစ်သော စည်းမျဉ်းများနှင့် နည်းလမ်းဆိုင်ရာ လုပ်ငန်းစဉ်များရှိကြောင်း ညွှန်ပြထားသည်။ ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုနည်းလမ်းကို အသုံးပြုရာတွင် သုတေသနနည်းလမ်း

[၁၃၅] See Argyrou et al. (2016a); (2016b); (2017), supra note 114. See Colenbrander et al., supra note 114.

ရွေးချယ်ခြင်းနှင့် နည်းလမ်းအဆင့်တစ်ခုစီအတွက် အကြောင်းရင်းတို့ကို ရှင်းလင်းဖော်ပြခြင်းတို့သည့် အရေးကြီးသည့် လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ အရည်အသွေးအခြေပြုသုတေသနရှိ အမျှားအားဖြင့် တွေ့ရှိရသည့် မှားယွင်းသည့် အဆင့်များနှင့် အမှားအယွင်းများကြောင့် အလေးအနက် စဉ်းစားချင့်ချိန်ရန် လိုအပ်မည့် အရာတစ်ခုဖြစ်သည်။ ပိုအရေးကြီးသည်မှာ 'အထွက်အမြတ်နေရာပရဝုဏ်ဖြစ်သည့် စာကြည့်တိုက်များနှင့် ရုံးများကို ချန်ထားခြင်း မရှိဘဲ သုတေသနကို အမြဲဆောင်ရွက်နိုင်ကြောင်း' ဟူသည့် သုတေသနရှိ တသီးတသန့်လုပ်ငန်းစဉ်မှ သွေဖယ်ရန်အတွက် ဖြစ်ရပ်လေ့လာမှု အရည်အသွေးအခြေပြုသုတေသနသည် စိတ်ပိုင်းဖြတ်မှု၊ စိတ်ရှည်မှုနှင့် ပြင်းပြသည့် စိတ်ဆန္ဒလိုအပ်သည်။[၁၃၆] ဖြစ်ရပ်လေ့လာမှုအရည်အသွေးအခြေပြု သုတေသနသည် သဘာဝဖြစ်စဉ်ရှိ ဖြစ်ရပ်များကို လေ့လာစစ်ဆေးပြီး နားလည်သဘောပေါက်ခြင်းပင် ဖြစ်သည်။ ၎င်းသည် လေ့လာစစ်ဆေးသည့် ပတ်ဝန်းကျင်ရှိ တစ်ဦးတစ်ယောက်စီသာမက အဖွဲ့လိုက်များဖြင့်ပါ ပုံမှန် ထိတွေ့ဆက်ဆံမှုလိုပါသည်။ ခရီးသွားခြင်း၊ လေ့လာရေး ခရီးထွက်ခြင်းနှင့် စစ်ဆေးသည့် ဖြစ်စဉ်အကြောင်း အမှန်ဖြစ်တည်မှုကို လူများက မည်သို့ တွေးတောပြီး နားလည်သဘောပေါက်ကြောင်းကို ဗီဇစိတ်ဖြင့် သိချင်စိတ်ပြင်းပြနေရန် လိုအပ်သည်။ လက်တွေ့မျက်မြင်အခြေပြု လေ့လာမှု၏ ကျိုးကြောင်းညီညွတ်ခိုင်လုံမှုနှင့် ယုံကြည်အားထားစိတ်ချရမှုကို ကာကွယ်ရန်အလို့ငှာ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းလေ့လာမှု၏ နည်းလမ်းလက်စွဲများတွင် အချက်အလက်ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုများအတွက် ရွေးစရာများစွာကို ထည့်သွင်းစဉ်းစားထားကြောင်း အဆိုပါနည်းလမ်းများနှင့် နည်းစနစ်များက သရုပ်ဖော်ပြပါသည်။ ရှိနှင့်ပြီးဖြစ်သော မတူညီသည့် ဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်အတွေ့အကြုံများ၊ ပုဂ္ဂလိက အယူအဆများနှင့် သက်ဆိုင်သည့် ပြည့်စုံကောင်းမွန်သော အချက်အလက်များကို ကောက်ယူခြင်းနှင့် ဖြစ်ရပ်လေ့လာမှုများတွင် ပုံတူအသုံးပြုခြင်းအယူအဆကို အသုံးချသည်။ ထိုသို့ ပုံတူအသုံးပြုခြင်းအယူအဆ အသုံးပြုခြင်းဖြင့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများတွင် ပြည်သူပူးပေါင်း ပါဝင်အုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် သရုပ်ဖော်သီအိုရီ ဖော်ထုတ်ခြင်းနှင့် ကောက်ယူထားသည့် သက်သေ အချက်အလက်များအကြား ဆက်သွယ်မှုကို ဖြစ်ပေါ်စေပါသည်။

[၁၃၆] See Siems, supra note 1, p. 7.